ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့၊ (7-5-2012) (၇၁၁၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျာမနီနိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံ လွှတ်တော်များလေ့လာရန် ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် မေ ၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ အခြေစိုက်သော ဥရောပသမဂ္ဂပါလီမန်ဥက္ကဋ္ဌ မစ္စတာ မာတင်ရှူ၏ ဖိတ်ကြားချက်အရ ဂျာမနီနိုင်ငံ ဟန်ဆိုင်ဒယ်ဖောင်ဒေးရှင်း၏ အစီအစဉ်ဖြင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံ လွှတ်တော်များသို့ လေ့လာရန်နှင့် ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

လိုက်ပါသွား

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီအတွင်းရေးမှူး ဒေါ်ဒွဲဘူ၊ ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းဝါနုနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

ပဲခူးမြစ် ရေစီးရေလာကောင်းမွန်ပြီး စိုးရိမ်ရေမှတ်ကျော်လွန်မှု မရှိရေး ဒီရေအတက်အကျနှင့် မိုးကာလများတွင် စောင့်ကြည့်လေ့လာပြီး ထိရောက်မှုရှိရန် ဆောင်ရွက်

နေပြည်တော် မေ ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မေ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးမြို့နယ် မြို့ဦးကင်းရွာနှင့် အထက်စည်တီးရွာကြား ပဲခူးမြစ် ရေစီးရေလာကောင်းမွန်စေရန် ပိတ်ဆို့နေသော သောင်ခုံများအား စက်ယန္တရားကြီးများဖြင့် ရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပဲခူးမြစ် ရေစီးရေလာကောင်းမွန်ပြီး စိုးရိမ်ရေမှတ်ကျော်လွန်မှု မရှိရေးအတွက် ဒီရေအတက်အကျနှင့် မိုးကာလများတွင် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပဲခူးမြစ် ရေစီးရေလာကောင်းမွန်စေရန် ပိတ်ဆို့နေသော သောင်ခုံများအား စက်ယန္တရားကြီးများဖြင့် ရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယ နေ့ သ တ င်း အ ညွှ န်း

"သင်ခန်းစာဆိုတာ ယူတတ်ရင် အကျိုးရှိနိုင်ပါတယ်။ တချို့အရာတွေဟာ ပွဲပြီးမီးသေ မေ့ထားလို့မရပါဘူး။ အခြေအနေအရပ်ရပ်အပေါ်မှာ အားနည်းချက်၊ အားသာချက်ဆိုတာ ရှိပါတယ်။ အဲဒီအပေါ်မှာ မှန်မှန်ကန်ကန် သုံးသပ်အဖြေရှာဖို့လိုပါတယ်"

ယနေ့ ဖတ်စရာ မှတ်စရာ စာမျက်နှာ >> ၂

"စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်။ စည်းကမ်းသည် မြို့ရွာ၏ဂုဏ်ကို ဆောင်၏။ တိုင်းပြည်၏ ကျက်သရေကိုတိုးစေ၏။ ထို့ကြောင့် စည်းကမ်းလိုက်နာ ဆောင်ရွက်ခြင်းသည် ကောင်းကျိုးချမ်းသာ များစွာရ၏"

မပြောမပြီး မတီးမမြည် စာမျက်နှာ >> ၃

"သတိပေးနှိုးဆော်ချက် ထုတ်သည်လည်း ထုတ်ပါ။ ထုတ်လည်း ထုတ်သင့်ပါသည်။ ထုတ်ပြီးသော သတိပေးနှိုးဆော်ချက်သည် စာအုပ်ကြီးပေါ်မှာသာ မရှိစေချင်"

သူ့အမြင် သူ့အတွေး စာမျက်နှာ >> ၄

ကြေးမုံစာတည်းရှုထောင့် ၇-၅-၂၀၁၂[တနင်္လာနေ့]။

ပြည်သူ့အကျိုးပြု၊ နိုင်ငံ့အကျိုးပြု၊ တိုင်းကျိုးပြည်ဆောင်၊ ဝိုင်းဝန်းဖော်ဆောင်

မျက်မှောက်ကာလတွင် လူထုပါဝင်မှုအား လိုအပ်နေသေးသည်ဟု ယေဘုယျသုံးသပ်မိပါသည်။ ထိုသုံးသပ်ချက်သည် မှားသည်ဟုလည်း ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မကြာသေးမီက ကျင်းပခဲ့သော ပြည်သူတစ်ရပ်လုံးပါဝင်သည့် နှစ်သစ်ကူးပွဲတော်၊ ပြည်သူတစ်ရပ်လုံး ပါဝင်သည့် ရွေးကောက်တင်မြှောက်ပွဲများက ပြည်သူလူထုပါဝင်မှုကို သက်သေပြခဲ့ပြီးဖြစ်ပါသည်။

အမှန်ဆိုရလျှင် ယနေ့ကာလ၌ နိုင်ငံအကျိုးပြု ပြည်သူပါဝင်မှုသည် ထိုမျှသာမဟုတ်၍ ပြည်သူလူထုပါဝင်မှု အားနည်းနေသေးသည်ဟုဆိုလိုခြင်း ဖြစ်သည်။ ပြည်သူတို့သည် အပြောင်းအလဲကိုငံ့လင့်ပြီး နေသာသလိုနေကြသည်။ ဘာသိဘာသာနေထိုင်ကြသည်။ ပြည်သူလူထုအကျိုးပြု၊ နိုင်ငံအကျိုးပြု လုပ်ငန်းများတွင်ပါဝင်မှု နည်းလာကြသည်။ တာဝန်သိလူမှုရေးအဖွဲ့အစည်းများသာ တတ်နိုင်သလောက်၊ တတ်နိုင်သည့်ဘက်မှ ပါဝင်လုပ်ကိုင်ကြသည်ကို တွေ့ရှိရပေသည်။ပြည်သူ့အကျိုးပြု၊ နိုင်ငံအကျိုးပြုလုပ်ငန်းများဆိုသည်မှာ ပြည်သူအားလုံး ပါဝင်ဆောင်ရွက်နိုင်သော လုပ်ငန်းများဖြစ်ပေသည်။

အဆိုပါလုပ်ငန်းများမှာ ပြည်သူတို့အလုပ်အကိုင်မပျက် ပါဝင်ဆောင်ရွက်နိုင်သော လုပ်ငန်းများလည်းဖြစ်၊ အများနှင့်သက်ဆိုင်သော လူမှုရေးလုပ်ငန်းများလည်းဖြစ်သည့်အပြင် နိုင်ငံနှင့်လူမျိုးအကျိုးကို အထောက်အကူပြုသည့် လုပ်ငန်းများလည်းဖြစ်သည်။

ယင်းလုပ်ငန်းများမှာ ယနေ့ကာလတွင် ပါဝင်မှုနည်းနေသေးသည်။ ထိုလုပ်ငန်းများကား မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ငြိမ်းသတ်ရေးလုပ်ငန်း၊ မြို့နယ်ကျေးရွာများအတွင်း ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ (ရှေးဦးကြက်ခြေနီသူနာပြုလုပ်ငန်းများ)၊ မြို့ရွာရပ်ကွက်နေ ပြည်သူများပါဝင်နိုင်သည့် အားကစားလုပ်ငန်းများ (ခြေလျင်နှင့်တောင်တက်၊ ပြေးခုန်ပစ်အားကစားနှင့် ဘောလုံးပြိုင်ပွဲများ) ဖြစ်သည်။

မီးမလောင်အောင် ကြိုတင်ကာကွယ်၍ မီးလောင်လျှင်လည်း တက်ညီလက်ညီ ဝိုင်းဝန်းငြိမ်းသတ်နိုင်ခြင်းသည် လည်းကောင်း၊ လူအများရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ခြင်းနှင့် ဘေးဒုက္ခတွေ့သူများကို ရှေးဦးသူနာပြုစု၍ ဆေးရုံသို့ ကူညီပို့ဆောင်ပေးခြင်းသည်လည်းကောင်း၊ လူအများကျန်းမာကြံ့ခိုင်၍ တိုင်းပြည်၌ အရေးကြုံလျှင် တတ်စွမ်းသမျှ ကာကွယ်စောင့်ရှောက်နိုင်ခြင်းသည်လည်းကောင်း စသည် စသည် ပြည်သူ့အကျိုးပြု ရပ်ရွာအကျိုးပြု ပရဟိတလုပ်ငန်းများသည် ကောင်းမွန်ထူးမြတ်သော လုပ်ငန်းများသာဖြစ်ပေသည်။

တစ်ချိန်ကရှိခဲ့သည့် ထိုမွန်မြတ်ကောင်းမွန်သော အစဉ်အလာကောင်းများကို မိမိတို့ရပ်ရွာများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်တတ်သည့် အစဉ်အလာများ၊ အလေ့အကျင့်များအား တစ်ပြည်လုံးအတိုင်းအတာဖြင့် ပြန်လည်မြှင့်တင်ဖော်ဆောင်ပေးခြင်းအားဖြင့် ယနေ့လူငယ်များ အလဟဿ အချည်းအနှီး အချိန်ကုန်စေမည့် အပျော်လွန်သောအပြုအမူများ လျော့နည်းပပျောက်သွားပြီး ရပ်ရွာအကျိုးပြု၊ ပြည်သူ့အကျိုးပြု သားကောင်းသမီးမွန်များ ဖြစ်လာမည်ဖြစ်သည်။

ယင်းလုပ်ငန်းများသည် ရပ်ရွာအေးချမ်းသာယာသည့်အခါ၌ဖြစ်စေ၊ မအေးချမ်းသည့်အခါ၌ဖြစ်စေ ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲများ၊ လူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် အချုပ်အခြာအာဏာတို့ကို ကျေးဇူးပြုသည် ချည်းသာဖြစ်သည်။ အရေးကြုံလျှင် သက်လုံကောင်းစေသည်ချည်းသာဖြစ်သည်။

သို့ဖြစ်၍ လူကြီး၊ လူလတ်၊ လူငယ်၊ ကျားမ မရွေး ပြည်သူအပေါင်းတို့သည် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲတို့ကို ဘေးချိတ်ပြီး မိမိတို့စိတ်သန်ရာ ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ခုခုတွင် ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် တိုင်းကျိုးပြည်ဆောင် ပြည်သူများဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သင့်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ပျော်ဘွယ်မြို့နယ် ဗိန္ဒကကျေးရွာရှိ သိမ်တော်ဦးစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲ ကျင်းပ

နေပြည်တော် မေ ၆

မေ ၅ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကုန်းသာကျေးရွာအုပ်စု ဗိန္ဒကကျေးရွာ သိမ်တော်ဦးကျောင်းတိုက်ပရိဝုဏ်အတွင်း တည်ထားကိုးကွယ်ထားရှိသော သိမ်တော်ဦး စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကို ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဇနီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ အခမ်းအနားသို့ တက်ရောက်လာကြသော ဗိန္ဒကကျေးရွာနှင့် ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများက ရွှေထီးတော်နှင့် ငှက်မြတ်နားတော်တို့အား စေတီတော်အထက်ပစ္စယာသို့ ပန်းရထားဖြင့် တင်ဆောင်၍ ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စေတီတော်အထက်ပစ္စယာသို့ တက်ရောက်၍ စိန်ဖူးတော်အား ဆက်ကပ်လှူဒါန်းပူဇော်သည်။

ဆက်လက်၍ စေတီတော်အား ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး မိသားစုနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရွှေညောင်ဖူးကျေးရွာအုပ်စု ရွှေညောင်ဖူးကျေးရွာ မဟာဗောဓိရင်ပြင်တော်၌ ကျင်းပသည့် ကဆုန်ညောင်ရေသွန်းပွဲအခမ်းအနားသို့ တက်ရောက်၍ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းမြို့နယ် သိမ်ကုန်း (စံပြ)ကျေးရွာ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက် ဖော်ကျူးဆင်နွှဲလျက်ရှိသည့် ကဆုန်လပြည့် ညောင်ရေသွန်းလောင်းပွဲတော် စည်ကားစွာ ဆင်ယင်ကျင်းပနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် သိမ်တော်ဦးစေတီတော်အား စိန်ဖူးတော် ဆက်ကပ်လှူဒါန်းပူဇော်စဉ်။

(သတင်းစဉ်)

ယနေ့ ဖတ်စရာ မှတ်စရာ

ခင်မောင်ဌေး (ပညာရေး)

မြန်မာပြည်က လေဒီဂါဂါများ

သတင်းတစ်ပုဒ်ကြားလိုက်ရပါတယ်။ အဲဒါက တောင်ကိုရီးယားနိုင်ငံမှာ ပြုလုပ်မယ့် လေဒီဂါဂါရဲ့ရှိုးပွဲမှာ အသက် (၁၈)နှစ်အောက်ကလေးတွေ ကြည့်ခွင့်မပြုဘူးလို့ နိုင်ငံကတားမြစ်လိုက်တဲ့သတင်း။ အကြောင်းကတော့ အဖော်အချွတ်များလှတဲ့ လေဒီဂါဂါရဲ့ ရှိုးပွဲဟာ ကိုရီးယားလူငယ်တွေရဲ့ အကျင့်စာရိတ္တကို ပျက်စီးစေနိုင်လို့ပါပဲတဲ့။ ခေတ်ရေစီးကြောင်းကို ဟန့်တားလို့မရပေမယ့် အဲဒီရေစီးကြောင်းနဲ့အတူ မျောပါလာတဲ့အမှိုက်ကို လမ်းလွှဲပေးလိုက်တဲ့သဘောလို့ ဆိုနိုင်ပါတယ်။

သဘောကျစရာကောင်းလိုက်တာ။ ကြားရတဲ့ မိဘပြည်သူတွေလည်း သဘောတူလက်ခံကြမယ် ထင်ပါတယ်။ တစ်ချိန်တည်းမှာပဲ အတာသင်္ကြန်ပုံရိပ်တွေကို မြင်ယောင်နေမိပါတယ်။ ဒါကလည်း မီဒီယာစာမျက်နှာတွေပေါ်မှာ ဟိုးလေးတစ်ကျော်၊ အင်တာနက်စာမျက်နှာတွေပေါ်မှာ မကြည့်ချင်မှ အဆုံးပါပဲ။ သာမန်အားဖြင့် ကြည့်ရင် သင့်မှုသင့်ပဲ့ မလားရယ်လို့တောင် တွေးမိတယ်။ တကယ်တော့ အခုလို မီဒီယာစာမျက်နှာတွေအပေါ် တင်သင့်သလောက်တင်လိုက်တာဟာ အပြစ်ထက် အကျိုးပိုရှိနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အိမ်ထဲမှာ တိုက်ခန်းထဲမှာနေတဲ့ မိဘတွေလည်း အသိအမြင်တိုးပွားသွားတာပေ့ါ။ ရေကစားဖို့ထွက်သွားလိုက်တဲ့ မိမိတို့သားသမီးတွေရဲ့ ပုံရိပ်တွေ။

ထိန်းထိန်းသိမ်းသိမ်း ဖော်ပြလိုက်တဲ့ ဓာတ်ပုံတွေမှာတောင် အတော့်ကို သရုပ်ပျက်လွန်းပါတယ်။ တချို့ပုံတွေမှာဆို မိန်းကလေးတစ်ယောက်ပြုမူရမယ့် ပုံစံမဟုတ်တဲ့ ကော့ကန်ကားပုံစံတွေ၊ တချို့ဆို ယောကျ်ားလေးတွေနဲ့ ဖက်လှဲတကင်း၊ တချို့ပုံတွေက လူမြင်ကွင်းမှာတောင် အနောက်ပုံစံ အနမ်းအရှုံ့တွေ၊ တချို့တမင်ထုတ်ပြထားတဲ့ ဝတ်စားဆင်ယင်မှုတွေ၊ မိဘတွေကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့ရပြီပေ့ါ။

ပြောရရင် ပြီးခဲ့တဲ့မြန်မာ့နှစ်သစ်ကူးသင်္ကြန်ဟာ အလှူဒါနကောင်းမှုတွေ တဝေဝေနဲ့ ကြည်နူးစရာကောင်းသလို တစ်ဖက်မှာလည်း သရုပ်ပျက်ယဉ်ကျေးမှုဟာ မြန်မာ့အတာသင်္ကြန်ကို အတော်အရုပ်ဆိုး အကျည်းတန်စေခဲ့တာပါ။ ဒါ့အပြင် နှစ်သစ်ကူးကို ကောင်းမှုနဲ့ကြိုဆိုကြသင့်ပေမယ့်လည်း မူးချင်တိုင်းမူး ရူးချင်တိုင်းရူးနေပြီး စိတ်လွတ်ကိုယ်လွတ် ပြုမူမှုတွေကြောင့် ရာဇဝတ်မှုခင်းများအထိ ကျူးလွန်လာတာတွေ တွေ့ရပါတယ်။

သင်ခန်းစာဆိုတာ ယူတတ်ရင် အကျိုးရှိနိုင်ပါတယ်။ တချို့အရာတွေဟာ ပွဲပြီးမီးသေ မေ့ထားလို့မရပါဘူး။ အခြေအနေအရပ်ရပ်အပေါ်မှာ အားနည်းချက်၊ အားသာချက်ဆိုတာ ရှိပါတယ်။ အဲဒီအပေါ်မှာ မှန်မှန်ကန်ကန်သုံးသပ်အဖြေရှာဖို့ လိုပါတယ်။ အဲဒီလို အဖြေရှာတဲ့နေရာမှာ တစ်နိုင်ငံလုံးအရေးမို့ အမျိုးသားရေးအမြင် အမျိုးသားရေးရှုထောင့်မှ ပြတ်ပြတ်သားသားဆောင်ရွက်ရတော့မယ့်အချိန် ရောက်နေပါပြီ။ အခြေခံအကြောင်းတရားကို ရအောင်ရှာမှီး အချိန်မီဟန့်တားနိုင်မယ်ဆိုရင် ရနိုင်ပါတယ်။ စည်းမျဉ်းစည်းကမ်းတို့ ကြေညာချက်တို့ဆိုတာတွေကလည်း စာရွက်ပေါ်ရှိရုံနဲ့ မလုံလောက်တော့ပါဘူး။ လက်တွေ့လိုက်နာကျင့်သုံးစေလာအောင် လုပ်ဆောင်နိုင်မှသာ အဓိပ္ပာယ်ရှိမှာပါ။

လက်ရှိအနေအထားအရဆိုရင် လာမယ့်မြန်မာ့နှစ်သစ်ကူးသင်္ကြန်မှာ အသက် (၁၈)နှစ်အောက်ကလေးတွေ အတာသင်္ကြန်ရေပက်ခံထွက်ရင် စည်းကမ်းသတ်မှတ်ရတော့မလိုလိုပါပဲ။ ဘာကြောင့်လဲဆိုတော့ မြန်မာ့အတာသင်္ကြန်မှာ လေဒီဂါဂါတွေ အရမ်းပေါများလာနေလို့ပါပဲခင်ဗျာ. . .။ ။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၆ - ၅ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၂. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၉၀၀၀	၀. ၀၃၂၃၆
တရုတ် (ယွမ်)	၆. ၂၉၃၀၀	၀. ၁၅၈၉၁
အိန္ဒိယ (ရူပီး)	၅၃. ၄၇၅၀	၀. ၀၁၈၇၀
မလေးရှား (ရင်းဂစ်)	၃. ၀၄၇၁၀	၀. ၃၂၈၁၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၄၁၀	၀. ၈၀၃၇၉
ဂျပန် (ယန်း)	၇၉. ၈၅၀၀	၀. ၀၁၂၅၂
တောင်ကိုရီးယား(ဝမ်)	၁၁၃၄. ၅၀	၀. ၀၀၀၈၈
ယူရို	၀. ၇၆၄၃၅	၁. ၃၀၈၃၀
ဗြိတိသျှ (ပေါင်)	၀. ၆၁၉၁၀	၁. ၆၁၅၂၅

အင်တာနက်။

၂၀၁၄ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူမှု ကုလသမဂ္ဂမှ နည်းပညာနှင့် အကြံဉာဏ်များ ပေးအပ်ရန်ရှိ

ရန်ကုန် မေ ၆

လာမည့် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူမည့်အစီအစဉ်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ နည်းပညာနှင့် အကြံဉာဏ်များ ပေးအပ်သွားရန်ရှိကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး မစ္စတာဘန်ကီမွန်းက မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် ခရီးစဉ်တွင် ပြောကြားသွားခဲ့သည်။

နောက်တစ်ကြိမ်ပြုလုပ်မည့် ရွေးကောက်ပွဲမတိုင်မီ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်သည်။ ထိုသို့ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူသွားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂမှလည်း လိုအပ်သည့် နည်းပညာ၊ အကြံဉာဏ်နှင့် အကူအညီများ ပေးအပ်ရန်ရှိကြောင်း မစ္စတာဘန်ကီမွန်းက ပြောကြားသွားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူခဲ့မှုတွင် လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ၁၉၅၃ ခုနှစ်မှ စတင်ကောက်ယူခဲ့ပြီး ၁၉၅၄၊ ၁၉၇၃၊ ၁၉၈၃၊ ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တို့တွင် ကောက်ယူခဲ့ကြောင်း သိရသည်။ (၀၀၁)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

တာမွေမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း (ယခင် စိန့်ဖရန့်စစ်ကျောင်း)၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မေ ၁ ရက်က မြပန်းသဇင်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့်၊ မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်သိန်းသိန်းဌေး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ကြည်ကြည်အေးနှင့် အတွင်းရေးမှူး ဒေါ်မြင့်မြင့်သန်းတို့ဦးဆောင်ကာ ကျောင်းသူဟောင်းများက အပူဇော်ခံဆရာမကြီး ၉၂ ဦးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြစဉ်။ (၅၉၇)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၅-၂၀၁၂ (တနင်္လာနေ့)

၇း၀၅	တရားတော်
၇း၄၀	မြန်မာသံစဉ်ချိုနားဝင်
၈း၁၅	မှတ်တမ်း
၄း၂၅	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	ဇာတ်လမ်းတို
၄း၄၅	ဗီစီဒီကျော်ကြားတေး
၄း၅၅	အားလုံးရဲ့တာဝန်
၅း၂၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင် (အပိုင်း-၁၀၃)
၆း၂၀	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သူ့ရဲကောင်းလေးကျွန်မချစ်သူ (အပိုင်း-၂၀)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -Tolk of The Town -မေးမြန်းစူးစမ်း -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်"(အပိုင်း-၂၀)** -Mini Series

❐ ရှေ့ဖုံးမှ

စောင့်ကြည့်လေ့လာပြီး ဖြစ်ပေါ်လာမည့် အကျိုးဆက်များနှင့် မျှော်မှန်းသည့်အတိုင်း ထိရောက်မှုရှိရန် ဆောင်ရွက်ရေး၊ ပုံမှန်မိုးရေချိန်နှင့် ထူးကဲမိုးရေချိန်များ၊ ကာလတူ အခြေအနေများကို နှိုင်းယှဉ်လေ့လာသုံးသပ်ပြီး မိုးတွင်းကာလ၌ သောင်ခုံတူးဖော်သည့် ၁၁ နေရာလုံးကို အမှတ်အသားပြု၍ အစ-အလယ်-အဆုံး မှတ်တမ်းတင်ဆောင်ရွက်ရေး၊ ပဲခူးမြစ်ထိန်းသိမ်းရန် ဆည်မြောင်းဦးစီးဌာနက လတ်တလောကူညီဆောင်ရွက်ပေးနေသော်လည်း နှစ်စဉ်ဆောင်ရွက်နိုင်ရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ရေလမ်းထိန်းသိမ်းရေးဌာနနှင့် တိုင်းဒေသကြီးအစိုးရတို့သို့ တင်ပြဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ပုလဲသွယ်ဆန်များ လက်ဆောင်ပေးသည်။

ထို့မှတစ်ဆင့် အုတ်တွင်းမြို့နယ် ကြက်တက်ညောင်ပင်ကျေးရွာအုပ်စု ပိတောက်ခင်ကျေးရွာအနီး ခပေါင်းဆည်ရေသောက်လက်ယာမြောင်းမကြီးနှင့် မြောင်းလက်တံများ၊ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ၉၅ ရက်သား သက်တမ်းရှိ ပုလဲသွယ်စပ်မျိုးစပါး စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို ပဲခူးတိုင်းဒေသကြီးမှ မိုးစပါးဧက ၃၀၀၀၀ စိုက်ပျိုးကြမည့် တောင်သူလယ်သမားများအား ခေါ်ယူပြသပြီး တောင်သူအချင်းချင်း လက်ဆင့်ကမ်း နည်းပညာပေး ဆောင်ရွက်ကြရန်၊ တစ်ဧကကုန်ကျစရိတ်၊ အမြတ်ဝင်ငွေတို့ကို မှတ်တမ်းပြုစု၍ အောင်မြင်တိုးတက်မှုများကို လက်တွေ့ဆွေးနွေးပြသရန်၊ ရိတ်သိမ်းချိန်တွင် အလေအလွင့်မရှိအောင် တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းကြရန် မှာကြားပြီး ပဲခူးတိုင်းဒေသကြီးသည် စိုက်ဧကပေါင်းသိန်း ၃၀ ခန့်ရှိကာ ဆည်မြောင်းတာတမံများစွာရှိသဖြင့် ဤကဲ့သို့ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း၊ ဈေးကောင်းရသော ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးခြင်းဖြင့် တိုင်းဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လူနာတင်ယာဉ်နှစ်စီး ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၆

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကိုရီးယားသမ္မတနိုင်ငံ Pine Forest Co.,Ltd. မှ လူနာတင် ယာဉ်နှစ်စီး ပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေ ၃ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး Pine Forest Co.,Ltd. အုပ်ချုပ်မှုဒါရိုက်တာ Mr. Park Chung Ho ကလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ လူနာတင်ယာဉ်နှစ်စီးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းထံ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး Hyndai Starex အမျိုးအစား လူနာတင် ယာဉ်နှစ်စီးကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကိုရီးယားသမ္မတနိုင်ငံ Pine Forest Co.,Ltd. မှ လူနာတင်ယာဉ်နှစ်စီး ပေးအပ်လှူဒါန်းပွဲကျင်းပစဉ်။ (သတင်းစဉ်)

တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့ မန္တလေး၌ ဖျော်ဖြေ

နေပြည်တော် မေ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့၏ ဖျော်ဖြေပွဲကို မေ ၅ ရက် ည ၇ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမျိုးသား ဇာတ်ရုံ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီး၊ တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Yu Boren၊ အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Dr. Madan Mohan Sethi နှင့် ကျွမ်းဘားဝါသနာရှင်များ ကြည့်ရှုအားပေးကြပြီး တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့က လှပချိန်ဆ ဘဲလေးအက၊ ဟာသပြကွက်၊ ပန်းကန်ပြားပဒေသာ ပြကွက်၊ ကြိုးတန်းလျှောက်ပြကွက်၊ ပုံခြေစွမ်းပြကွက်၊ မြက်ဦးထုပ် လက်စွမ်းပြကွက်၊ ဒိုင်ယာဘိုလိုရွဲ့ အလှပြကွက်၊ တိုင်ထောင်ဘားကျွမ်းပြကွက်၊ ပျော့ပြောင်းလှစွာ လှုခန္ဓာပြကွက်၊ ကြိမ်ကွင်း ပဒေသာ ပြကွက်၊ ဘောလုံးဖမ်းမယ် တူပျော်ပျော် ကကွက်နှင့် စက်ဘီးစွမ်းရည်ပြကွက်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(ယာပုံ)**

ဖျော်ဖြေပွဲအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တရုတ်ကောင်စစ်ဝန်ချုပ်တို့က တရုတ်ကျွမ်းဘား အနုပညာရှင် အဖွဲ့အား ဂုဏ်ပြုပန်းခြင်းပေးအပ်၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

မပြောမပြီး မတီးမမြည်

ပြည်သူတို့၏ လွယ်ကူချောမွေ့မှု

စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်။ စည်းကမ်းသည် မြို့ရွာ၏ဂုဏ်ကိုဆောင်၏။ တိုင်းပြည်၏ ကျက်သရေကိုတိုးစေ၏။ ထို့ကြောင့် စည်းကမ်းလိုက်နာဆောင်ရွက်ခြင်းသည် ကောင်းကျိုးချမ်းသာများစွာရ၏။ စည်းကမ်းမလိုက်နာခြင်း၊ စည်းကမ်းဖောက်ခြင်း၊ စည်းကမ်းပျက်ခြင်း၊ စည်းကမ်းလျော့ရဲခြင်းသည် တန်ဖိုးမဲ့၏။ ဆိုးကျိုးကိုသာများစေ၏။

'စည်းကမ်းလိုက်နာဘေးကင်းကွာ' ဆိုသည့်စကားရပ်လည်းရှိ၏။ ဥပမာ- ယာဉ်မောင်းတိုင်းသည် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်းကိုတစ်သဝေမတိမ်း လိုက်နာရမည်ဖြစ်၏။ 'ဘယ်သူမှားမှား ကိုယ်ကရှောင်' ဆိုသည့် စိတ်ဓာတ်ကိုလည်း နှလုံးသွင်းထားသင့်၏။ ဤသို့ဆိုလျှင် ဘေးကင်းမည်။ သို့သော် ပရမ်းပတာမောင်းနှင်ခြင်း၊ အပြိုင်အဆိုင်မောင်းနှင်ခြင်းစသည့် စည်းကမ်းမလိုက်နာမှုများကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားရ၏။ အသက်များ၊ ငွေကြေးဥစ္စာများဆုံးရှုံးရသည်မှာ ပြည်သူအများစုသာဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်များ အလဟဿဆုံးပါးကြရ၏။

ယာဉ်များသည်ဌာနကသတ်မှတ်ပေးထားသည့် ပမာဏအတိုင်း ထိုင်ခုံအရေအတွက်ထည့်သင့်၏။ သို့မှသာ ခရီးသွားပြည်သူအများ သက်သောင့်သက်သာ သွားလာနိုင်မည် ဖြစ်သည်။ သို့သော် ယင်းစည်းကမ်းကိုမလိုက်နာဘဲ ထိုင်ခုံအရေအတွက်များများရရန် ကျပ်ညပ်ပွတ်သိပ်၍ ထည့်သည်။ သုံးဦး ထိုင်မရသည့်ခုံကို သုံးဦးထိုင်ရ၏။ ဒူးမှာကွေး၍မရ၊ ဆန့်၍မရ။ လူသွားလမ်းမှာ ကျဉ်းမြောင်းလွန်း၍ အမျိုးသားအမျိုးသမီးကျပ်ညပ်ထိကပ်ရ၏။ (မလိုအပ်ဘဲ Whistle Campaign များထွက်ပေါ်လာရ၏။)ထွက်မရ၊ တက်မလွယ် ဒုက္ခပင်လယ်ဝေရသည်က ပြည်သူများသာဖြစ်သည်။

ထို့အတူခရီးသွားပြည်သူများ လွယ်ကူချောမွေ့မှုဖြစ်စေရန် ရည်ရွယ်၍ မှတ်တိုင်တစ်ခုနှင့်တစ်ခု မဝေးကွာလှ။ သွားလိုသည့် နေရာဌာနနှင့်အနီးဆုံး မှတ်တိုင်တွင် ဆင်း၍သွားခြင်းဖြင့် လိုရာခရီးကို အလွယ်တကူရောက်နိုင်၏။ အထူးသဖြင့် လူအများစုဆုံသည့်မှတ်တိုင်များတွင်မူ ခရီးသည်တင်ယာဉ်တိုင်းသည်'ရပ်၊ ချ၊ တင်၊ ထွက်' ဆိုသည့် စည်းကမ်းကိုလိုက်နာသင့်သည်။ သို့မှသာ ယာဉ်ကြောပိတ်ဆို့မှု ကင်းရှင်းနိုင်မည် ဖြစ်သည်။ သို့သော် ဤသို့လူစည်ကားသောမှတ်တိုင်များတွင် ရပ်ချင်သလိုရပ်၊ တင်ချင်သလိုတင်၊ ကြာချင်သလောက်ကြာပြီးမှ ထွက်ခွာမည် ဆိုလျှင် ယာဉ်ကြောပိတ်ဆို့၍ ယာဉ်အန္တရာယ်ရှိနိုင်သည်။ အချို့လိုင်းကားများ ဆိုလျှင် ကိုယ်တိုင်လည်း မထွက်၊ နောက်ကားကိုလည်း ထွက်မရအောင် ကန့်လန့်ဖြတ်၍ ရပ်၏။ လမ်းကြောကို ပိတ်၍ရပ်၏။ ဤသို့ဖြင့် မလိုလားအပ်သောအခက်အခဲများ ဖြစ်စေ၏။

ဤသို့ စည်းကမ်းမလိုက်နာမှုများကြောင့် ယာဉ်ကြောပိတ်ဆို့မှု၊ ယာဉ်အန္တရာယ်ကျရောက်မှုကို ဖြေရှင်းနိုင်ရန် မှတ်တိုင်အချို့ ပြောင်းရွှေ့ရ၏။ အချို့မှတ်တိုင်က အရိပ်အာဝါသကောင်း၏။ အချို့မှတ်တိုင်က မလုံလောက်။ နီးစပ်ရာအပင်ရိပ်ခိုရ၏။ မိမိသွားလိုသည့်နေရာသို့ တိုက်ရိုက်ခရီးမဆန့်နိုင်။ ခရီးထောက်နေ၏။ မလိုအပ်ဘဲ အချိန်ကုန်၏။ လူပန်း၏။

စစ်မှန်သည့် ရှုထောင့်တစ်ခုမှ သုံးသပ်ကြည့်သောအခါ ယာဉ်မောင်းတစ်ဦး၏ ယာဉ်စည်းကမ်းမလိုက်နာနိုင်မှုကြောင့် လူ့အသက်များစွာ ဆုံးရှုံးနိုင်၏။ ယာဉ်လိုင်းတစ်ဖွဲ့လုံးက သတ်မှတ်ချက်အတိုင်း မလိုက်နာဘဲ မိမိတို့ စီးပွားရေးအတွက်သာကြည့်၍ စိတ်တိုင်းကျ ထိုင်ခုံများ ထည့်သွင်းမှု၊ ခရီးသည်များများ ဝင်ဆံ့ရန် ထိုင်ခုံများဖြုတ်ချမှုတို့ကြောင့် ခရီးသည်များ အခက်အခဲ တွေ့ကြုံရ၏။ ထို့အတူ ယာဉ်လိုင်းအသီးသီးတို့သည် လူစည်ကားသည့်လမ်းဆုံ လမ်းခွမှတ်တိုင်များတွင် 'ရပ်၊ ချ၊ တင်၊ ထွက်' ဆိုသည့်စည်းကမ်းအတိုင်း မလိုက်နာ၍ ယင်းအခက်အခဲကို ဖြေလျှော့နိုင်ရန် ပြည်သူအများက ဆင်းရဲဒုက္ခခံကြရ၏။ ဤသို့ တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့၏ စည်းကမ်းမလိုက်နာမှုကြောင့် ပြည်သူအများစု ဆင်းရဲဒုက္ခကြုံရသည်ဆိုလျှင် ပြည်သူတို့၏ လွယ်ကူချောမွေ့မှု (Public Convenience)ဆိုသည်မှာ တစ်စတစ်စ လျော့ပါးလာသည့်သဘောကို ဆောင်နေသည်ဟု ကောက်ချက်ချနိုင်သည်။

ကျွန်ုပ်တို့သည် ဘဝခရီးပဲပြောပြော၊ သံသရာခရီးပဲဆိုဆို ခရီးသွားများဖြစ်ကြသည်။ ခရီးပေါက်ဖို့၊ ခရီးရောက်ဖို့ဆိုလျှင် မလျှော့သောဇွဲလုံ့လတို့ဖြင့် လျှောက်လှမ်းနေရမည်ဖြစ်သည်။ ထိုသို့ လျှောက်လှမ်းရာတွင် မိမိတို့ခြေထောက်နှင့် မိမိတို့စီးသောဖိနပ် အံဝင်ခွင်ကျဖို့လိုသည်။ ဖိနပ်ကသေးနေလျှင်လည်း ခရီးမတွင်၊ ကြီးလွန်းနေပြန်လျှင်လည်း ခရီးမရောက်နိုင်။ ခရီးမှန်မှန် ဆက်နိုင်ဖို့ဆိုလျှင် ခြေထောက်နှင့်ဖိနပ် အံဝင်ခွင်ကျဖို့လိုသည်။ ထိုအခါ မိမိတို့၏ ခြေထောက်နှင့် အံဝင်ခွင်ကျ ဖြစ်ရန် ဖိနပ်တည်းဟူသော စည်းကမ်းကို လိုက်နာအောင်ပြင်မည်လား၊ သို့တည်းမဟုတ် ပြည်သူနှင့်တူသော ခြေထောက်ကို အနာခံစေ၍ လှီးဖြတ်ကြမည်လားဆိုသည်မှာ အသေအချာစဉ်းစားရမည့်အချက်ဖြစ်မည်ဟု အလေးအနက်တွေးနေမိ၏။ ။

ခင်မောင်

မိမိကြောင့်အများပြည်သူများ အနှောင့်အယှက်မဖြစ်ပါစေနှင့်

မြောက်ဥက္ကလာပမြို့နယ် သုခမ္မာလမ်းမကြီးတစ်နေရာမှ ယာဉ်ကြောပိတ်ဆို့မှုမြင်ကွင်း။

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သုခမ္မာလမ်းမကြီးကို အဆင့်မြင့် ခြောက်လမ်းသွား ကွန်ကရစ်လမ်းမကြီးအဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (လမ်း/တံတား)မှ တာဝန်ယူခင်းကျင်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လုပ်ငန်းမြန်မြန်ဆန်ဆန် ပြီးမြောက်နိုင်ရန်အတွက် သုခမ္မာလမ်းမကြီးကို အပိုင်းများခွဲ၍ သူ့နေရာနှင့်သူ တာဝန်ယူလုပ်ကိုင်လျက်ရှိသည်။ ထိုသို့ လုပ်ဆောင်မှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ အထိုက်အလျောက် ဖြစ်ပေါ်လျက်ရှိသည်။ ထို့ပြင် ယာဉ်မောင်းများ၏ မဆင်မခြင်မောင်းနှင်မှု၊ ယာဉ်ကြောပြောင်းပြန်မောင်းနှင်မှုများကြောင့်လည်း ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပေါ်ပြီး အချိန်ကြာမြင့်စွာ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ကာ ခရီးသွားလုပ်သားပြည်သူများ အချိန်ကုန် လူပန်း ဖြစ်နေရသည်။

"ကျွန်တော့် မိတ်ဆွေတစ်ဦး သယ်န်းကျွန်းစံပြဆေးရုံမှာ ဆေးကုသမှုခံယူနေရာမှ အရေးပေါ်သွေးလိုတယ်ဆိုလို့ Taxi ငှားပြီး သွေးသွားလှူတာ အချို့ယာဉ်မောင်းတွေ စည်းကမ်းမဲ့ လမ်းပြောင်းပြန်မောင်းနှင်လို့ အခုလို ယာဉ်ကြောပိတ်ဆို့မှုတွေနဲ့ ကြုံတွေ့ရပြီး အချိန်တော်တော်များများ ပေးဆပ်လိုက်ရတယ်"ဟု မြောက်ဥက္ကလာပမြို့နယ် အိန္ဒြာရပ်ကွက်နေ ကိုသန်းထွန်းဦးက ရှင်းပြသည်။

ထိုမျှမကသေး အစိုးရရုံးဝန်ထမ်းများ ၊ ကုမ္ပဏီဝန်ထမ်းများ၊ နေ့စားအလုပ်သမားများ စသည်တို့သည်လည်း လက်ရှိကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှုများကြောင့် အလုပ်ချိန်နောက်ကျပြီး နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားကို ကျဆင်းစေသည်။ အလုပ်ချိန်နောက်ကျမည်ဆို၍ ကားမှတ်တိုင်မှ မိမိတို့ တာဝန်ထမ်းဆောင်ရာရုံးသို့ ကမန်းကတန်းမဲ့စွာ ပြေးလွှား၍ ရုံးတက်နေရသော မိန်းကလေးများကိုလည်း နေ့စဉ်လိုလို မြင်တွေ့နေရသည်။ အရေးပေါ်လူနာတင်ယာဉ်များ၊ အရေးပေါ်မီးသတ်ကားများ အကြောင်းကိစ္စပေါ်လာလျှင် ယခုကဲ့သို့ယာဉ်ကြောပိတ်ဆို့မှုများကြောင့် မလိုလားအပ်သောဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သည်။

ထို့ကြောင့် ယာဉ်ကြောမပိတ်ဆို့စေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူ ယာဉ်ထိန်းရဲများက စနစ်တကျ လမ်းရှင်းပေးနေသည်ကို ယာဉ်မောင်းများက လမ်းကြောင်းမှန်မှန်ဖြင့် လမ်းပြောင်းပြန် ကျော်တက်မောင်းနှင်ခြင်းမပြုသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ရန်ရှင်း

ဖောက်ကလန်အိုလံပစ်ကြော်ငြာ ရန်စခြင်းမဟုတ်ဟု အာဂျင်တီးနားပြောကြား

ဗျူးနိုစ်အေရီ မေ ၆

၂၀၁၂ လန်ဒန် နွေရာသီအိုလံပစ်ပွဲတော်ဆိုင်ရာ ကြော်ငြာတစ်ခုကို ဖောက်ကလန်ကျွန်းပေါ်တွင် ရိုက်ကူး၍ ရုပ်မြင်သံကြားမှ ကြော်ငြာအဖြစ် ထုတ်လွှင့်ပြသခြင်းသည် ရန်စမှုအသွင်မဆောင်ကြောင်း အာဂျင်တီးနားနိုင်ငံက စနေနေ့တွင်ပြောကြားသည်။

ဗြိတိန်နိုင်ငံဆိုင်ရာ အာဂျင်တီးနားသံအမတ်ကြီး အလီစီယာကက်စထရိုက အယ်လ်ထရီဗြူနိုသတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကြော်ငြာပြကွက်တွင် အာဂျင်တီးနား ဟော်ကီအသင်းခေါင်းဆောင် ဖာနန်ဒိုဇီလ်ဆာဘတ်သည် ဖောက်ကလန်မြို့တော် စတန်လေတွင် ဖြတ်သန်းပြေးလွှား၍ ဒုတိယကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့သော ဗြိတိသျှသင်္ဘောသားများကို ဂုဏ်ပြုတည်ဆောက်ထားသည့် (Great War Memorial)တွင် ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်နေပုံကို ဖော်ပြထားသည်။

ကြော်ငြာပြသရာ၌ "အင်္ဂလိပ်မြေပေါ်၌ ယှဉ်ပြိုင်ရန်အတွက် အာဂျင်တီးနားမြေပေါ်၌ ကျွန်ုပ်တို့ လေ့ကျင့်ကြသည်" ဟူ၍ စာတန်းထိုးသည်။

ဖောက်ကလန်ကျွန်းနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား တင်းမာမှုများမြင့်တက်လာနေစဉ် ယင်းကြော်ငြာကို အာဂျင်တိုင်း ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့ခြင်းဖြစ်သည်။

စစ်ပွဲဆင်နွှဲခဲ့

လွန်ခဲ့သည့်အနှစ် ၃၀ က ဗြိတိသျှနှင့် အာဂျင်တီးနားတို့သည် ဖောက်ကလန်ကျွန်းပိုင်ဆိုင်မှုကို အကြောင်းပြု၍ စစ်ပွဲဆင်နွှဲခဲ့ကြသည်။ **အင်တာနက်။**

အာဂျင်တီးနား ဟော်ကီအသင်းခေါင်းဆောင်၏ လေ့ကျင့်နေမှုမြင်ကွင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်နှင့် အာဖဂန်တို့ လုံခြုံရေးဆိုင်ရာသဘောတူစာချုပ်မှု အီရန်ကို သောကပွားစေ

တီဟီရန် မေ ၆

ယခုရက်သတ္တပတ်အစောပိုင်းက အမေရိကန်ပြည်ထောင်စုနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော မဟာဗျူဟာမြောက် မိတ်ဖက်စာချုပ်အရ အာဖဂန်မြေပေါ်၌ အမေရိကန်နိုင်ငံသည် နှစ်ပေါင်းများစွာ စစ်ရေးအရတည်ရှိနိုင်မည်ဖြစ်ရာ ၎င်းတို့အနေဖြင့် စိုးရိမ်ပူပန်ကြောင်း အီရန်နိုင်ငံက မေ ၆ ရက်တွင် ပြောကြားသည်။

ယင်းစာချုပ်ကြောင့် အီရန်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် အာဖဂန်နစ္စတန်၌ မတည်ငြိမ်မှုများ တိုးပွားလာလိမ့်မည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့များ ဆုတ်ခွာသွားခြင်းသည်သာ လုံခြုံရေးဆိုင်ရာဖော်ဆောင်မှု၏ အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **အင်တာနက်။**

အာဖဂန် သတို့သမီးနှိပ်စက်မှု ထောင်ဒဏ် ၁၀ နှစ်စီကျခံရ

ကဘူး မေ ၆

တစ်ကမ္ဘာလုံးအား တုန်လှုပ်ချောက်ချားသွားစေသော အာဖဂန်ကလေးသတို့သမီးကို ညှဉ်းပန်းနှိပ်စက်သည့်အမှုတွင် ပတ်သက်နေသော ခင်ပွန်းဖြစ်သူ၏ မိသားစုသုံးဦးကို ထောင်ဒဏ် ၁၀ နှစ်စီ ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း အာဖဂန်တာဝန်ရှိသူတစ်ဦးက မေ ၅ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ဘက်လန်ပြည်နယ် အရှေ့မြောက်ပိုင်း၌ လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း အသက် ၁၅ နှစ်သာရှိသေးသည့် ရှာဟာဂူလ်ကို သူမ၏ခင်ပွန်း အိမ်မြေအောက်ခန်းတွင် မီးလောင်ထားသော ဒဏ်ရာများ၊ ရိုက်နှက်ခံထားရသော ဒဏ်ရာများနှင့် လက်သည်းများကို ဆွဲခွာထားသော ဒဏ်ရာများနှင့်အတူ တွေ့ရသည်။ ယင်းမြေတိုက်ခန်းအတွင်းရှိ ရေအိမ်တွင် ခြောက်လကြာချုပ်နှောင်ထားခြင်းခံခဲ့ရသည်။

သူမ၏ ယောက္ခမ၊ အစ်မနှင့် ယောက်မတို့ကို တရားရုံးက ထောင် ၁၀ နှစ်စီ ကျခံရန်အမိန့်ချမှတ်ခဲ့ကြောင်း အာဖဂန်တရားရုံးချုပ်မှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလ်ဝါကီးလ် အိုမာရီက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

ယင်းအမှုတွင် ဂူလ်ကိုအကူအညီပေးနေသော "အာဖဂန်ဝူးမင်းဖော်ဝူးမင်း"အမည်ရှိ လူ့အခွင့်အရေးအုပ်စုက တရားရုံး၏ စီရင်ချက်မှာ ကျေနပ်လက်ခံနိုင်ဖွယ်ရာမရှိကြောင်း ပြောကြားခဲ့သည်။

ဂူလ်၏အမှုကို ကဘူးမြို့တရားရုံးတွင် စစ်ဆေးခဲ့ပြီး အာဖဂန်နစ္စတန်တစ်နိုင်ငံလုံးနှင့် ပြည်ပနိုင်ငံများကပါ စိတ်ဝင်စားသောအမှုဖြစ်သည်။

တရားရုံးတွင် ခင်ပွန်းဖြစ်သူဘက်မှ ဆွေမျိုးများကို သေဒဏ်အပြစ်ပေးရန် ဂူလ်က တောင်းဆိုခဲ့ကြောင်း လူ့အခွင့်အရေးအုပ်စု၏ တာဝန်ရှိသူ ဟူမာဆာဖီက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

သူမကိုနှိပ်စက်ညှဉ်းပန်းရာတွင် ပါဝင်ခဲ့ကြသော သူမ၏ ခင်ပွန်းနှင့် ခဲအိုတို့မှာ ထွက်ပြေးလွတ်မြောက်လျက်ရှိသည်ဟု ဆိုသည်။

အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များက တာလီဘန်အစိုးရကို ဖြုတ်ချခဲ့ပြီး ၁၀ နှစ်တာကာလအတွင်း၌ အမျိုးသမီးများကို အကြမ်းဖက်ခြင်း၊ နှိပ်စက်ခြင်းတို့မှာ အာဖဂန်နစ္စတန်နိုင်ငံအတွင်း အဓိကပြဿနာတစ်ရပ်အဖြစ်ရှိနေဆဲဖြစ်သည်။

ဗြိတိသျှစေတနာရှင်အဖွဲ့"အော့စ်ဖန်"၏ ကိန်းဂဏန်းများအရ အာဖဂန်အမျိုးသမီး ၈၀ ရာခိုင်နှုန်းသည် ခန္ဓာကိုယ်နှိပ်စက်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာစော်ကားခံရခြင်း၊ စိတ်ပိုင်းဆိုင်ရာနှိပ်စက်ခံရခြင်းနှင့် အဓမ္မလက်ထပ်ထိမ်းမြားခံရခြင်းတို့ကို ကြုံတွေ့ကြရသည်။ **အင်တာနက်။**



နှိပ်စက်ညှဉ်းပန်းခံခဲ့ရသော မိန်းကလေးငယ်အား ဆေးရုံတွင် တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ထိုင်းနိုင်ငံအရှေ့ပိုင်းရှိ ဓာတုပစ္စည်းစက်ရုံတစ်ရုံ မီးလောင် လူ ၁၂ ဦးသေဆုံး၊ ၁၀၀ ကျော်ဒဏ်ရာရရှိ

ဗန်ကောက် မေ ၆

ထိုင်းနိုင်ငံအရှေ့ပိုင်းရှိ ဓာတုပစ္စည်းစက်ရုံတစ်ရုံ၌ မေ ၅ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ လေထုအတွင်းအဆိပ်ဓာတ်ငွေ့များ ပျံ့လွင့်မှုကြောင့် ၁၂ ဦး သေဆုံးကာ ၁၀၀ ကျော် ဒဏ်ရာရရှိသွားကြောင်း မေ ၆ ရက်တွင် ကျန်းမာရေးဌာနက ပြောကြားသည်။

အဆိုပါစက်ရုံသည် ရေယွန်ပြည်နယ်တွင်ရှိပြီး စက်ရုံရှိဓာတုပစ္စည်းများ မီးလောင်ရာမှ ထွက်ရှိလာသော အဆိပ်ဓာတ်ငွေ့ညှော်နံ့များလေထဲသို့ ပျံ့လွင့်ခဲ့ရာ ယင်းစက်ရုံနှင့် အနီးတစ်ဝိုက်တွင် နေထိုင်ကြသော ဒေသခံရာပေါင်းများစွာအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ပြောကြားသည်။

မီးလောင်မှုကြောင့် သေဆုံးသူ ၁၂ ဦးခန့်ရှိပြီး အများစုမှာ စက်ရုံမှအလုပ်သမားများဖြစ်ကြကြောင်း၊ ၁၂၉ ဦး မီးလောင်ဒဏ်ရာများရခဲ့ကြောင်း၊ မီးသတ်သမားများက မီးလောင်မှုကို ထိန်းချုပ်ပြီးနောက် ကျန်းမာရေးဝန်ထမ်းများက လေထုအရည်အသွေးကို စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း ကျန်းမာရေးဌာနက ပြောကြားသည်။

မှုခင်းဆေးဘက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက မီးလောင်ရသည့်အကြောင်းရင်းကိုသိရှိနိုင်ရန် သဲလွန်စများ ရှာဖွေလျက်ရှိပြီး ဒေသခံများကို ကယ်ဆယ်ရန် အသင့်စောင့်ဆိုင်းလျက်ရှိသည်။

ရေယွန်ပြည်နယ်သည် ဗန်ကောက်မြို့တောင်ဘက်မှ မိုင် ၉၀ ခန့်အကွာတွင်ရှိပြီး ထိုင်းနိုင်ငံ၏ ကြီးမားသောစက်မှုဇုန်များအနက် တစ်ခုဖြစ်သည်။

အင်တာနက်။

ဂျပန်နိုင်ငံ တိုကျိုမြို့တော်မြောက်ဘက်ရှိ မြို့တစ်မြို့၌ လေဆင်နှာမောင်းတိုက် တစ်ဦးသေဆုံး ၃၀ကျော်ဒဏ်ရာရ

တိုကျို မေ ၆

ဂျပန်နိုင်ငံ တိုကျိုမြို့တော်မြောက်ဘက်ရှိ မြို့တစ်မြို့တွင် မေ ၆ ရက်က လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ လူတစ်ဦးသေဆုံးပြီး ဒဏ်ရာရသူ ၃၀ ကျော်ရှိခဲ့ကြောင်း၊ နေအိမ်အများအပြားမှာ လေဆင်နှာမောင်းဒဏ်ကြောင့် ပျက်စီးခဲ့ကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

လေဆင်နှာမောင်းတိုက်ခတ်ခံရသည့် ဆူကူဘာမြို့သို့ ကယ်ဆယ်ရေးလုပ်သားများနှင့် ဆေးကုသရေးအဖွဲ့များ အလျင်အမြန် သွားရောက်လျက်ရှိကြောင်း၊ ယင်းမြို့မှာ တိုကျိုမြို့တော်နှင့် ကီလိုမီတာ ၆၀ (မိုင်-၄၀)အကွာတွင် တည်ရှိကြောင်း၊ သုတေသနဌာနများနှင့် ပညာရပ်ဆိုင်ရာ တက္ကသိုလ်များတည်ရှိရာ အဆိုပါမြို့မှာ သိပ္ပံပညာရပ်ဆိုင်ရာ အချက်အချာဖြစ်ကြောင်း၊ လေဆင်နှာမောင်းတိုက်ခတ်ရာ နေရာမှာ အများအားဖြင့် လူနေရပ်ကွက်များတွင်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

အသက် (၁၄)နှစ်အရွယ်ရှိ ယောက်ျားလေးတစ်ဦးမှာ လေဆင်နှာမောင်းဒဏ်ကြောင့် ဒဏ်ရာရရှိပြီးနောက် သေဆုံးသွားကြောင်း ဆူကူဘာကျန်းမာရေးဌာနမှ ပြောကြားသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရသူ ၃၀ ကျော်ရှိပြီး လူ ၁၀ ဦးထက်မနည်းမှာ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ လူနေအိမ် ၂၀၀ ခန့်မှာ ပျက်စီးသွားကြောင်း မီးသတ်တပ်ဖွဲ့ အရာရှိတစ်ဦးက ပြောကြားသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုနှင့် မိုးကြိုးပစ်ခံရမှုများကြောင့် အဆိုပါမြို့ရှိ အိမ်ခြေ ၂၄၀၀၀ ခန့်တို့မှာလည်း လျှပ်စစ်ဓာတ်အား ပြတ်တောက်လျက်ရှိကြောင်း တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီက ပြောကြားသည်။

အင်တာနက်။

လေဆင်နှာမောင်းဒဏ်ကြောင့် အဆောက်အအုံများ ပြိုပျက်ခဲ့ရသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မြို့တော်ဒမတ်စကပ်တွင် ကားဗုံးပေါက်ကွဲ လူနှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရ

ဒမတ်စကပ် မေ ၆

ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကပ်တွင် မေ ၅ ရက် နှောင်းပိုင်းက ကားဗုံးတစ်လုံးပေါက်ကွဲသဖြင့် နှစ်ဦးထက်မနည်း သေဆုံးကာ ငါးဦးဒဏ်ရာရရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဒမတ်စကပ်မြို့၏ ဆင်ခြေဖုံး ဒတ်ဖ်အယ်လ်ရှောက်ရှိ ကားတစ်စီးအတွင်း ထောင်ချောက်ဗုံးတစ်လုံးဆင်ကာ ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေအချို့နှင့် ဒေသခံသတင်းမီဒီယာများက ပြောကြားသည်။

မေ ၅ ရက် နံနက်ပိုင်းက ဒမတ်စကပ်နှင့် အလက်ပိုမြို့များတွင် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် ယခုတိုက်ခိုက်ခံရမှုသည် တစ်ရက်အတွင်း ဒုတိယမြောက်ဖြစ်သည်။

မေ ၅ ရက် နံနက်ပိုင်းက အလက်ပိုမြို့တွင် ပေါက်ကွဲသော ကားဗုံးကြောင့် လူခြောက်ဦးသေဆုံးခဲ့ရသည်။

ယင်းပေါက်ကွဲမှုနှစ်ကြိမ်အတွင်း ကားများနှင့် ဒမတ်စကပ်ရှိ အဆောက်အအုံများပျက်စီးခဲ့ရသည်။

ယင်းဗုံးဖောက်ခွဲမှုများကျူးလွန်ခဲ့သည့် တရားခံများမှာ နိုင်ငံခြားထောက်ပံ့မှုရထားသော အကြမ်းဖက်သမားများဖြစ်ကြောင်း ဆီးရီးယားမီဒီယာများက အခိုင်အမာဆိုသည်။

အင်တာနက်။

ရဲတပ်ဖွဲ့ဝင်အင်အား မလုံလောက်မှုပြဿနာနှင့် အိန္ဒိယနိုင်ငံ ရင်ဆိုင်နေရ

နယူးဒေလီ မေ ၆

အိန္ဒိယနိုင်ငံ၌ ရဲတပ်ဖွဲ့ဝင်အင်အား မလုံလောက်မှု ပြဿနာသည် မြင့်တက်နေဆဲဖြစ်ရာ ယင်းနိုင်ငံအတွင်း ရာဇဝတ်မှုများအား မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ဟူသော

အချက်နှင့်ပတ်သက်၍ မေးခွန်းများ ပေါ်ထွက်လျက်ရှိကြောင်း မေ ၅ ရက်သတင်းများတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ ရဲတပ်ဖွဲ့ဝင်အင်အား ငါးသန်းနီးပါးမျှ လိုအပ်နေပြီး နိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးရေးအတွက် လက်ရှိအချိန်၌ ပြည်သူ ၇၆၁ ဦးအတွက် ရဲတပ်ဖွဲ့ဝင်တစ်ဦးသာ ထားရှိပေးနိုင်သည့် အခြေအနေဖြစ်ကြောင်း သိရသည်။

ဆန့်ကျင်ဘက်အားဖြင့် ထိပ်တန်းနိုင်ငံရေးသမားများ၊ ဗျူရိုကရက်အရာရှိကြီးများနှင့် တရားသူကြီးများ အပါအဝင်ဖြစ်သော အရေးကြီးပုဂ္ဂိုလ်တစ်ဦးချင်းစီအတွက် ရဲတပ်ဖွဲ့ဝင်သုံးဦးက လုံခြုံရေးတာဝန်များ ထမ်းဆောင်ပေးနေရကြောင်း သတင်းတွင် ဖော်ပြထားသည်။

သို့ရာတွင် ရဲတပ်ဖွဲ့ဝင်အရေအတွက်သည် ပဓာနမကျဘဲ ၎င်းတို့၏ တက်ကြွမှု၊ သတိရှိမှုနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုတို့ဖြင့် အိန္ဒိယလူ့အဖွဲ့အစည်းအတွက် လုံခြုံမှုပေးနိုင်စွမ်းကသာ အဓိကကျကြောင်း နယူးဒေလီမြို့တော် ရဲမင်းကြီးဟောင်း အင်ဂျင်းရာ့ဂျ်ရှာမားက ပြောကြားခဲ့သည်။

အိန္ဒိယရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံဥပဒေကို ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေများအပေါ် အခြေခံထားရာ ရဲတပ်ဖွဲ့အား ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရေး တောင်းဆိုမှုများ ပေါ်ထွက်လျက်ရှိသည်။

ပြည်သူနှင့် ရဲတပ်ဖွဲ့အကြား ကွာဟမှုများအား ပေါင်းစည်းဆက်နွှယ်ပေးနိုင်ရေးအတွက် ရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် တရားဥပဒေစိုးမိုးမှုယန္တရားမြှင့်တင်ရေးဆိုင်ရာ ပြည်နယ်အစိုးရများ အစည်းအဝေးတွင် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက တိုက်တွန်းခဲ့သည်။

သို့ရာတွင် ရာဇဝတ်မှုများသည် နိုင်ငံရေးအရ အကာအကွယ်များရနေကြောင်း အိန္ဒိယပြည်သူများက ထင်မြင်လျက်ရှိပြီး ရဲတပ်ဖွဲ့၏ စွမ်းဆောင်ရည်အပေါ် မယုံကြည်မှုများ ပိုမိုတိုးပွားနေကြောင်းသိရသည်။ ***အင်တာနက်။***



နယူးယောက်စောရများ မြေအောက်မြောင်း လူဝင်ပေါက် အဖုံးများကို ခိုးယူရောင်းချနေ

နယူးယောက် မေ ၆

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တော် လမ်းမများရှိ မြေအောက်မြောင်း လူဝင်ပေါက်အဖုံးများ ခိုးယူခံနေရခြင်းကြောင့် လမ်းများနှင့် ပလက်ဖောင်းများပေါ်၌ အန္တရာယ်ကြီးမားသောအပေါက်များ ဖြစ်ပေါ်နေကြောင်း မြို့တော်အာဏာပိုင်များက မေ ၃ ရက်တွင် ပြောကြားခဲ့သည်။

ယခုနှစ် မတ်လ အစောပိုင်းမှစ၍ နယူးယောက်မြို့တော် ဘရုတ်ကလင်း၊ ကွင်းစ်နှင့် ဘရွန့်စ်ရပ်ကွက်များ၌ မြေအောက်မြောင်းဖုံး အခု ၃၀ ကျော် အခိုးခံခဲ့ရကြောင်း၊ အခိုးခံခဲ့ရသည့် ရေမြောင်းဖုံးများကို စောရများက ထုခွဲရောင်းချခဲ့ဖွယ်ရှိကြောင်း မြို့တော်အာဏာပိုင်တစ်ဦး၏ အဆိုအရသိရသည်။

မြေအောက်မြောင်း လူဝင်ပေါက်အဖုံးများ ခိုးယူခံရမှုကြောင့် ခြေကျင်သွားလာသူများနှင့် မော်တော်ယာဉ်မောင်းနှင်သူများအတွက် အလွန်အန္တရာယ်ကြီးမားကြောင်း သိရသည်။

လျှပ်စစ်ဝန်ဆောင်မှု ကုမ္ပဏီဝတ်စုံများ ဝတ်ဆင်ထားသော်လည်း သက်ဆိုင်ရာကုမ္ပဏီ၏ တရားဝင်တံဆိပ်များ တပ်ဆင်ထားခြင်းမရှိသည့် သူခိုးများသည် မော်တော်ယာဉ်ပြုပြင်ရာတွင်သုံးစွဲသော ဟိုက်ဒရောလစ် ကိရိယာများ အသုံးပြုကာ ရေမြောင်းဖုံးများအား ဖြုတ်ယူခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မြေအောက်မြောင်း လူဝင်ပေါက်ဖုံးများ ခိုးယူခံရမှုသည် ဖြစ်တတ်သည့် သဘာဝရှိသော်လည်း မကြာသေးမီကာလအတွင်း ခိုးယူခံရမှုအရေအတွက် မြင့်တက်လာကြောင်း သိရသည်။

နယူးယောက်မြို့ မြေအောက်မြောင်းလူဝင်ပေါက်အဖုံးများကို သံ သို့မဟုတ် သတ္တုများဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး အလေးချိန်ပေါင် ၃၀၀ မျှရှိရာ သတ္တုဈေးကောင်းသည့်ကာလအတွင်း စောရများအတွက် မျက်စိကျလောက်သည့် ပစ္စည်းများဖြစ်သည်။

အင်တာနက်။

ကာရာလာ ပြည်နယ် နက္ခတ် ပွဲတော်အတွင်း ဆင်မုန်ယို သောင်းကျန်း မှုကြောင့် ထွက်ပြေး ရှောင်တိမ်း နေသော ပရိသတ်များ။

အိန္ဒိယ နက္ခတ်ပွဲသဘင်အတွင်း ဆင်မုန်ယိုမှုကြောင့် လူ ၆၂ ဦး ဒဏ်ရာရ

သရီဆာ မေ ၆

အိန္ဒိယနိုင်ငံ ကာရာလာပြည်နယ်တွင် မေ ၂ ရက်က ကျင်းပခဲ့သော နက္ခတ်ပွဲသဘင်တစ်ရပ်၌ ပါဝင်သည့်ဆင်တစ်ကောင်သည် အရိုင်းစိတ်ဝင်သောင်းကျန်းခဲ့ရာ ပွဲတော်လာပရိသတ် ၆၂ ဦးဒဏ်ရာရခဲ့ကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

သရီဆာပူရမ် ကြယ်တာရာဝတ်ကျောင်းပွဲတော်၌ပါဝင်သည့် ကာလီဒါသန်အမည်ရှိအဆိုပါဆင်သည် မုန်စိတ်ဝင်၍ ဦးတည်ရာမဲ့ ပြေးလွှားခဲ့ရာ ဆင်ထိန်းများက ၎င်းအား ထိန်းချုပ်နိုင်ရန် အားထုတ်ကြိုးပမ်းခဲ့ရကြောင်း သိရသည်။

အဆိုပါဆင်သတ္တဝါ မုန်ယိုသောင်းကျန်းမှုကြောင့် သရီဆာပူရမ်နက္ခတ်ပွဲတော်သို့ လာရောက်သောပရိသတ်များ အိုးနင်းခွက်နင်း ပြေးလွှားရှောင်တိမ်းခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

မုန်ယိုသောင်းကျန်း၍ ၁၅ မိနစ်မျှအကြာတွင် ယင်းဆင်အား ဆင်ဦးစီးများက အောင်အောင်မြင်မြင်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဆင်ကို သရီဆာပူရမ်နက္ခတ်ပွဲတော်၌ သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်မရဘဲ ထည့်သွင်းအသုံးပြုခဲ့ခြင်းဖြစ်ရာ ပွဲတော်အတွင်း ဆင်များဖြင့် စီတန်းလှည့်လည်ရေးအတွက် ချမှတ်ထားသည့်စည်းမျဉ်းများအား ချိုးဖောက်ရာရောက်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဟိန္ဒူတို့၏ စကြဝဠာအမြင်အရ နက္ခတ် ၂၇ လုံးရှိရာ ပူရမ်နက္ခတ်(ပုဗ္ဗကြယ်)သည်လည်း တစ်လုံးအပါအဝင်ဖြစ်ပြီး ကာရာလာပြည်နယ်၌ ကျင်းပလေ့ရှိသည့် နက္ခတ်ပွဲတော်များအနက် သရီဆာပူရမ်နက္ခတ်ပွဲတော်မှာ အခမ်းနားဆုံးပွဲသဘင်တစ်ခုလည်း ဖြစ်သည်။

အင်တာနက်။

တာလီဘန်တို့၏ ကဗျာလက်ရာများ ဗြိတိန်၌ စာအုပ်အဖြစ်ထုတ်ဝေမည်

လန်ဒန် မေ ၆

အာဖဂန်နစ္စတန်နိုင်ငံမှ တာလီဘန်စစ်သွေးကြွအဖွဲ့ဝင်များ ခံစားရေးသားခဲ့သည့် ကဗျာများကို စုစည်း၍ တာလီဘန်ကဗျာပေါင်းချုပ် စာအုပ်အဖြစ် ထုတ်ဝေနိုင်ရေးအတွက် ဗြိတိသျှစာအုပ်ထုတ်ဝေသူတစ်ဦးက ပြင်ဆင်နေကြောင်း မေ ၆ ရက်သတင်းများတွင် ဖော်ပြသည်။

၁၀နှစ်ကြာ အာဖဂန်စစ်ပွဲကာလအတွင်း မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များအား တာလီဘန်အဖွဲ့က ခုခံစစ်ဆင်နွှဲခဲ့သည့် အဖြစ်သနစ်များအပေါ် အခြေခံ၍ အဆိုပါကဗျာပေါင်းချုပ်စာအုပ်တွင် ပါဝင်မည့် ကဗျာအများစုကို ရေးဖွဲ့ထားကြောင်း သိရသည်။

“တာလီဘန်ကဗျာလက်ရာများ”ဟူ၍ အမည်ပေးထားသော ယင်းကဗျာစာအုပ်၌ ဘာသာရေး၊ အတိတ်ကိုလွမ်းမောမှုနှင့် ချစ်ခြင်းမေတ္တာ စသည့် အကြောင်းအရာများအပေါ် အခြေပြုရေးဖွဲ့ထားသည့် ကဗျာများလည်း ပါဝင်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

တာလီဘန်တို့၏ ကဗျာများအား စုစည်းပြီး စာအုပ်အဖြစ်ထုတ်ဝေခြင်းသည် စာပေလောကအတွက် အသစ်အဆန်းသဖွယ်ဖြစ်နေ၍ မဟုတ်ဘဲ တာလီဘန်တို့အကြောင်း နားလည်ရေးအတွက်သာဖြစ်ကြောင်း ယင်းစာအုပ်ကို ပြင်ဆင်တည်းဖြတ်သူများက ပြောကြားခဲ့ကြသည်။

တာလီဘန်ကဗျာလက်ရာများစာအုပ်ကို ယခုလနှောင်းပိုင်းတွင် ဗြိတိန်နိုင်ငံ၌ ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၌ စက်တင်ဘာလအတွင်း ထုတ်ဝေသွားမည်ဖြစ်သည်။ ***အင်တာနက်။***

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဂူသင်္ချိုင်း အစ္စလာမ္မစ်စစ်သွေးကြွများ မီးရှို့ဖျက်ဆီး

တင်ဘက်ခ်တူ မေ ၆

မာလီနိုင်ငံ တင်ဘက်ခ်တူမြို့ရှိ ဆူဖီသူတော်စင်တစ်ပါး၏ ဂူသင်္ချိုင်းကို အစ္စလာမ္မစ်အစွန်းရောက်ဝါဒီစစ်သွေးကြွများက မီးရှို့ဖျက်ဆီးခဲ့ပြီးနောက် အခြားသမိုင်းဝင်အထိမ်းအမှတ်များ၏ အနာဂတ်အရေးအား မြို့သူမြို့သားများက စိုးရိမ်လျက်ရှိကြောင်း မေ ၆ ရက်သတင်းများတွင် ဖော်ပြသည်။

ကုလသမဂ္ဂ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအတွင်း ထည့်သွင်းထားသည့် ဆီဒီမာမွတ်ဘင်အမ်မာအမည်ရှိ မွတ်စလင်သူတော်စင်၏ဂူသင်္ချိုင်းကို အယ်လ်ခိုင်ဒါနှင့်ဆက်နွှယ်နေသော မာလီအစ္စလာမ္မစ် စစ်သွေးကြွများက မေ ၄ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အစ္စလာမ္မစ်အစွန်းရောက်ဝါဒီများ၏ ပစ်မှတ်များဖြစ်လာနိုင်သော တင်ဘက်ခ်တူမြို့ရှိ သမိုင်းဝင်နေရာများအား အစောင့်အရှောက်များချထားပြီး လိုအပ်ပါက စစ်ပွဲဆင်နွှဲရန် အသင့်ပြင်ထားကြောင်း ဒေသခံမြို့သူမြို့သားများက စီအင်န်အင်န်သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဆီဒီမာမွတ်ဘင်အမ်မာ ဂူသင်္ချိုင်းကို အန်ဆာဒင်းအမည်ရှိ မာလီအစ္စလာမ္မစ်အစွန်းရောက်ဝါဒီအုပ်စုက မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ရသည်။ ***အင်တာနက်***

အင်္ဂါဂြိုဟ်ခရီးစဉ်အတွက် နည်းပညာဆိုင်ရာ အကြိုစမ်းသပ်မှုများ အဲလ်ပိုင်းတောင်တန်းဒေသ ရေခဲလိုဏ်ဂူများအတွင်း ပြုလုပ်ခဲ့

ဗီယင်နာ မေ ၆

တစ်ချိန်ချိန်၌ အကောင်ထည်ပေါ်လာနိုင်မည့် အင်္ဂါဂြိုဟ်ခရီးစဉ်အတွက် နည်းပညာပိုင်းဆိုင်ရာ စမ်းသပ်မှုများကို နိုင်ငံတကာသိပ္ပံပညာရှင်များက အဲလ်ပိုင်းတောင်တန်းဒေသ ရေခဲလိုဏ်ဂူများအတွင်း လုပ်ဆောင်ခဲ့ကြောင်း မေ ၃ ရက် သတင်းများတွင် ဖော်ပြသည်။

ဩစတြီးယားနိုင်ငံ ဆဲလ်ဘတ်ဂ်မြို့အနီး ဒက်ချ်စတိန်းဒေသရှိ ရေခဲလိုဏ်ဂူများ၌ အင်္ဂါဂြိုဟ်ခရီးစဉ်အတွက် လိုအပ်မည့်နည်းပညာဆိုင်ရာ စမ်းသပ်မှုများကို သိပ္ပံပညာရှင်များက လုပ်ဆောင်ခဲ့ရာ အကျိုးများစွာရှိခဲ့ကြောင်း သုတေသနစီမံချက်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဩစတြီး ယားနိုင်ငံ အဲလ်ပိုင်း တောင်တန်း ဒေသ ရေခဲ လိုဏ်ဂူ များတွင် သိပ္ပံဆိုင်ရာ စမ်းသပ်ချက် များ ပြုလုပ် နေစဉ်။

ရွေးချယ်ခဲ့ခြင်းဖြစ်

ရေခဲလွှမ်းလိုဏ်ဂူများသည် အင်္ဂါဂြိုဟ်ပေါ်တွင် တည်ရှိနေနိုင်သည့် အဏုဇီဝသက်ရှိများအတွက် သဘာဝအကာအကွယ်များဖြစ်နိုင်ခြင်းကြောင့် အင်္ဂါဂြိုဟ်ခရီးစဉ် အကြိုစမ်းသပ်မှုများ လုပ်ဆောင်ရန် အဲလ်ပိုင်းတောင်တန်းဒေသ ရေခဲလိုဏ်ဂူများအား စမ်းသပ်ကွင်းအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်ပေါ်၌ သက်ရှိများ ရှင်သန်နိုင်ရန် တည်ငြိမ်သော အပူချိန်နှင့်ကော့စမစ်ရောင်ခြည်များ၏ အန္တရာယ်ကို တားဆီးပေးနိုင်မည့် အကာအကွယ်များလိုအပ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

စီစဉ်ထား

အင်္ဂါဂြိုဟ်သွားခရီးစဉ်အတွက် အဲလ်ပိုင်းဒေသ ရေခဲလိုဏ်ဂူများအတွင်း နည်းပညာဆိုင်ရာ အကြိုစမ်းသပ်မှုများအား အပြီးသတ်ခဲ့ပြီဖြစ်ရာ လာမည့်နှစ် ဖေဖော်ဝါရီလအတွင်း အာဖရိကတိုက် ဆာဟာရသဲကန္တာရ ဒေသမြောက်ပိုင်း၌ ကျယ်ပြန့်သော လက်တွေ့စမ်းသပ်မှုတစ်ရပ်ကို ထပ်မံလုပ်ဆောင်သွားရန် သိပ္ပံပညာရှင်များက စီစဉ်ထားသည်။

လာမည့်နှစ် ၂၀မှ နှစ် ၃၀ အတွင်း ပထမဆုံးသော အင်္ဂါဂြိုဟ်လေ့လာရေးခရီးစဉ်ကို အကောင်အထည်ဖော်နိုင်မည်ဟု သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

အင်တာနက်။

၂၀၁၂ ခုနှစ် မုတ်သုံရာသီ ယေဘုယျခန့်မှန်းချက်အား သုံးသပ်ခြင်း

ကျော်လွင်ဦး(မိုး/ဇလ)

ရာသီဥတုနှင့် မိုးလေဝသဖြစ်စဉ်များသည် အချိန်နှင့်လိုက်၍ ပြောင်းလဲနေကြရာ မုတ်သုံရာသီ နှစ်မျိုးအနက် သိသာထင်ရှားပြီး အရေးပါသော မြန်မာနိုင်ငံ၏ အနောက်တောင် မုတ်သုံရာသီလေသည်လည်း မကြာမီကာလအတွင်း ရောက်ရှိလာတော့မည်ဖြစ်သည်။ မုတ်သုံရာသီလေ၏ မိုးရွာသွန်းမှု အနည်း၊ အများ၊ အချိန်ကာလကြာမြင့်မှု၊ မုတ်သုံမုန်တိုင်းများ ဖြစ်ပေါ်မှုနှင့် မုတ်သုံလေအားပြတ်မှု စသည့်အချက်များသည် စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ စွမ်းအင်ထုတ်လုပ်မှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် အခြားစီးပွားရေးလုပ်ငန်းများအတွက် အလွန်အရေးပါသဖြင့် မျှော်မှန်းထားသည့် ၂၀၁၂ ခုနှစ်အတွက် အနောက်တောင်မုတ်သုံလေဆိုင်ရာ ခန့်မှန်းချက်အား သုံးသပ်တင်ပြလိုပါသည်။

မုတ်သုံ မိုးလေဝသဖြစ်စဉ်

မြန်မာနိုင်ငံနှင့် အနီးပတ်ဝန်းကျင်ဒေသများ၏ အနောက်တောင်မုတ်သုံလေရရှိမှုသည် ကျယ်ပြန့်သော အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းမှ နေရောင်ခြည်ရရှိမှု အပူ၊ အအေး၊ လေဖိအားအနည်း၊ အများ ပြောင်းလဲဖြစ်ပေါ်ရာမှတစ်ဆင့် အနောက်တောင်လေများ တိုက်ခတ်လာခြင်းသာဖြစ်ပြီး ရေခိုး ရေငွေ့များ သယ်ဆောင်လာရမှုကြောင့် မုတ်သုံလေမှ အဖိုးတန်သည့် မုတ်သုံမိုးများ ရရှိလာခြင်းဖြစ်ပြီး နွေမုတ်သုံဟုလည်း မိုးလေဝသနယ်ပယ်တွင် အရေးပါသော ဘာသာရပ်တစ်ခုအဖြစ် ရပ်တည်နေသည်။ ရှေးအခါက မုတ်သုံလေသည် လေဖိအားအပြောင်းအလဲကြောင့်သာ အဓိကကျသည်ဟု ယူဆခဲ့ကြသော်လည်း ယခုအခါ မုတ်သုံလေသည် သမုဒ္ဒရာ၊ ပင်လယ်ရေမျက်နှာပြင်အပူချိန် အတက်၊ အကျ၊ အယ်လ်နီညို၊ လာနီညာ၊ သမပိုင်းဒေသမှ ဆောင်းရာသီ ဆီးနှင်းထုပမာဏ၊ အရှေ့၊ အနောက်ကမ္ဘာခြမ်းဒေသများရှိ လေထုဖိအားအပြောင်းအလဲများ၊ အပူပိုင်းအီကွေတာဒေသနှင့် သမပိုင်းဇုန်ဒေသများရှိ အထက်လေထုအတွင်း စီးမျောလျက်ရှိသည့် လေကြောင်းများ၏ စည်းမှန်ပြောင်းလဲမှုများနှင့် စနစ်တကျဆက်စပ်မှုရှိကြောင်း ခေတ်မီ မုတ်သုံခန့်မှန်းရေးလုပ်ငန်းများတွင် အသုံးချလာကြသည်ကို တွေ့ရှိရသည်။ မုတ်သုံလေ၏ အရေးကြီးဆုံး ထူးခြားသည့် စရိုက်တစ်ခုမှာ အချိန်မှန်တိုက်ခတ်လေ့ရှိခြင်းဖြစ်သည့်အတွက် မုတ်သုံလေကို အားပြုရသည့်ဒေသများအတွက် သဘာဝ၏ လက်ဆောင်မွန်တစ်ခုလည်း ဖြစ်သည်ဟု ဆိုနိုင်သည်။

၂၀၁၂ ခုနှစ် မုတ်သုံရာသီအပေါ် တောင်အာရှဒေသမှ သုံးသပ်ချက်

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာမှ ရာသီဥတုခန့်မှန်းချက်ထုတ်ပြန်သည့် ဗဟိုဌာနများအနေဖြင့်လည်း ရာသီဥတုခန့်မှန်းချက်များ ပိုမိုပံ့ပိုးပေးခြင်းဖြင့် ဒေသဆိုင်ရာနိုင်ငံများအတွက် အကျိုးကျေးဇူးများ ရရှိနိုင်သဖြင့် ရက်လတ်၊ ရက်ရှည်၊ ရာသီဥတု ခန့်မှန်းချက်များကို သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ အမျိုးသားမိုးလေဝသဗဟိုဌာနများသို့ ဖြန့်ဝေထုတ်ပြန်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ မိုး/ဇလ ဌာနအနေဖြင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် ထုတ်ပြန်ပေးလျက်ရှိသော အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ထုတ်ပြန်သော ခန့်မှန်းချက်များကို လက်ရှိအခြေအနေများဖြင့် နှိုင်းယှဉ်သုံးသပ်လျက် အသုံးပြုလျက်ရှိပါသည်။ မကြာသေးမီကာလအတွင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် အိန္ဒိယနိုင်ငံ၊ မိုးလေဝသဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် တတိယအကြိမ်မြောက် တောင်အာရှဒေသ မုတ်သုံရာသီခန့်မှန်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုသို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ခဲ့ပြီး လာမည့်မုတ်သုံရာသီအပေါ် ပညာရှင်တို့၏ သုံးသပ်ခန့်မှန်းချက်၊ တွက်ချက်မှုအားမြင့်မားသည့် ရာသီဥတုဆိုင်ရာ ကွန်ပျူတာများမှ ပေါ်ထွက်လာသည့်ရလဒ်များ၊ အယ်လ်နီညို၊ လာနီညာဖြစ်ပေါ်ရာဒေသ၏ လက်ရှိဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို သိရှိခဲ့ရပြီး မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများမှ တက်ရောက်သူများ တက်တက်ကြွကြွ ဆွေးနွေးသုံးသပ်ပြီး မုတ်သုံမိုးအခြေအနေခန့်မှန်းချက်တစ်ရပ်ကို ဧပြီလ ၂၀ ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့ကြပါသည်။

တောင်အာရှဒေသ မုတ်သုံရာသီခန့်မှန်းချက် ဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ ပူးနေးမြို့တွင် ဧပြီလအတွင်း ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မော်လ်ဒိုက်၊ မြန်မာ၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံများမှ ကိုယ်စားလှယ်များ၊ တောင်အာရှနိုင်ငံများ မိုးလေဝသလေ့လာရေးဗဟိုဌာန ၊အိန္ဒိယနိုင်ငံ မိုးလေဝသဌာန၊ အိန္ဒိယနိုင်ငံ ပူးနေးမြို့ရှိ အပူပိုင်းမိုးလေဝသဗဟိုဌာန၊ အင်္ဂလန်မိုးလေဝသဌာန၊ ကိုရီးယား မိုးလေဝသဌာနနှင့် ဂျပန်မိုးလေဝသဌာနမှ ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြပြီး ၂၀၁၂ ခုနှစ် မုတ်သုံရာသီအပေါ် သက်ရောက်မှုများ သုံးသပ်ခဲ့ကြရာတွင် ၂၀၁၁ ခုနှစ်အတွင်း ပစိဖိတ်သမုဒ္ဒရာတွင် လာနီညာရာသီဥတုတစ်ကျော့ပြန်ဖြစ်မှုသည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပုံမှန်အခြေအနေသို့ ပြန်လည်အားပျော့သွားခဲ့ကြောင်း၊ လာမည့်မုတ်သုံကာလအတွင်း အယ်လ်နီညို၊ လာနီညာမရှိသော ပုံမှန်နှစ်တစ်နှစ်သာဖြစ်နိုင်ကြောင်း ရာသီဥတုခန့်မှန်းတွက်ချက်မှုအများစုက ပြဆိုနေကြောင်း၊ သို့ရာတွင် မုတ်သုံရာသီအကုန်တွင် အယ်လ်နီညိုဖြစ်နိုင်ခြေရှိမှုကိုလည်း ပစ်ပယ်မထားရန်လိုကြောင်း၊ အကယ်၍ အချို့သော သင်္ချာပုံစံတွက်ချက်မှုများအရ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ဖြစ်ပေါ်ခဲ့ပါက ၂၀၁၂ ခုနှစ် မုတ်သုံရာသီနှောင်းပိုင်းကို သက်ရောက်ဖွယ်ရှိကြောင်း၊ အိန္ဒိယသမုဒ္ဒရာ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည်လည်း အာရေဗျပင်လယ်တွင် ပုံမှန်အောက်လျော့နေပြီး ဘင်္ဂလားပင်လယ်အော်တွင် ပုံမှန်ထက်ပိုနေကြောင်း၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှစ၍ မြောက်ကမ္ဘာခြမ်းရှိ ဆီးနှင်းဖုံးလွှမ်းမှု အခြေအနေမှာ ပုံမှန်နှင့်ပုံမှန်အထက်ရှိခဲ့ကြောင်း၊ ဆီးနှင်းဖုံးလွှမ်းမှုများခြင်းသည် မုတ်သုံလေနှင့် ပြောင်းပြန်ဆက်စပ်မှုရှိပါကြောင်း၊ တောင်အာရှဒေသများအတွက် ရာသီဥတုခန့်မှန်းချက်များစွာကို စစ်တမ်းကောက်ယူလေ့လာပြုစုချက်များအရ ၂၀၁၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလကုန်အထိ မိုးရွာသွန်းမှုမှာ ပုံမှန်ခန့်သာရှိနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံတောင်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများ မိုးရွာသွန်းမှုပုံမှန်အောက်လျော့နည်းနိုင်ပြီး မြန်မာနိုင်ငံအနေဖြင့် မုတ်သုံမိုးပုံမှန်ထက်ပိုရန် ၃၅ ရာခိုင်နှုန်း ၊ ပုံမှန်ရွာသွန်းမြဲ မိုးရေချိန်ရရှိရန် ၄၀ ရာခိုင်နှုန်းရှိကာ၊ ရွာသွန်းမြဲအောက်လျော့ရန် ၂၅ ရာခိုင်နှုန်းသာရှိကြောင်းဖြင့် ခန့်မှန်းသုံးသပ်ခဲ့ကြပါသည်။

၂၀၁၂ ခုနှစ် မုတ်သုံလေဝင်ရောက်နိုင်မှု ခန့်မှန်းချက်

အနောက်တောင်မုတ်သုံလေသည် မေ ၁၅ ရက်မှ ၁၉ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများသို့ လည်းကောင်း၊ မေ ၂၂ ရက်မှ ၂၆ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ လည်းကောင်း၊ ဇွန် ၂ ရက်မှ ၇ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ လည်းကောင်း ဝင်ရောက်နိုင်ဖွယ်ရှိပါသည်။

၂၀၁၂ ခုနှစ် မုန်တိုင်းဖြစ်ပေါ်နိုင်မှု အလားအလာခန့်မှန်းချက်

မုန်တိုင်းဖြစ်ပေါ်နိုင်မှုခန့်မှန်းချက်မှာ ရာသီဥတုနှင့် မုန်တိုင်းဖြစ်ပေါ်မှု စာရင်းအင်းအချက်အလက်များအပေါ် အခြေခံလျက် ယေဘုယျခန့်မှန်းခြင်းဖြစ်သည်။ သို့ရာတွင် ယခုနှစ် အင်္ဂလန်နိုင်ငံရှိ ဥရောပရက်လတ် ခန့်မှန်းချက် ဗဟိုဌာန၏ ဧပြီလ ခန့်မှန်းချက်တွင် မေလမှ အောက်တိုဘာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နိုင်ခြေအလားအလာ ပုံမှန်ထက်ပိုနိုင်ကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည့်အပြင် ၂၀၀၆ ခုနှစ် ဧပြီလအတွင်း မာလာမုန်တိုင်း၊ ၂၀၀၈ ခုနှစ် မေလအတွင်း နာဂစ်မုန်တိုင်းနှင့် ၂၀၁၀ အောက်တိုဘာလအတွင်း ဂီရိမုန်တိုင်းတို့သည် စုံနှစ်များတွင် အစီအစဉ်တကျ နှစ်နှစ်တစ်ကြိမ် မြန်မာနိုင်ငံသို့ ဖြတ်ကျော်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ၂၀၁၂ ခုနှစ်၏ မုန်တိုင်းဖြစ်ပေါ်မှုများသည့် မေ၊ အောက်တိုဘာ၊ နိုဝင်ဘာလများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရှိ ဝန်ထမ်းများသည် သတိရှိရှိဖြင့် လေ့လာ၊ စောင့်ကြည့်သွားရမည်ဖြစ်သည်။

မိုးဦးကာလဖြစ်သည့် မုတ်သုံဝင်ရောက်သည့်ရက်မှ ဇွန်လကုန်အတွင်း ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ မိုးလယ်ကာလဖြစ်သည့် ဇူလိုင်လနှင့် ဩဂုတ်လများတွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုတ်သုံမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ မိုးနှောင်းကာလဖြစ်သည့် စက်တင်ဘာလမှ မုတ်သုံဆုတ်ခွာချိန်အတွင်း ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားပါသည်။

၂၀၁၂ ခုနှစ် မိုးဦး၊ မိုးလယ်၊ မိုးနှောင်း မိုးရွာသွန်းမှု ခန့်မှန်းချက်

မိုးဦးကာလအတွင်း မိုးရွာသွန်းနိုင်မှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်ရွာနိုင်ပါသည်။

မိုးလယ်ကာလအတွင်း မိုးရွာသွန်းနိုင်မှု အခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

မိုးနှောင်းကာလအတွင်း မိုးရွာသွန်းမှု အခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် ရွာနိုင်သည်။

ယခုနှစ် မုတ်သုံမိုး ခန့်မှန်းချက်များသည် မိုးဦး သင့်၊ မိုးလယ် ကောင်း၊ မိုးနှောင်း ကောင်းပြီး မိုးမည့်သော နှစ်တစ်နှစ်ဖြစ်နိုင်သည်ဟု ခန့်မှန်းသည့် အဓိပ္ပာယ်ဖြစ်သည်။ ယင်းခန့်မှန်းချက်များသည် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်အား ကိုယ်စားပြုထုတ်ပြန်ပေးလျက်ရှိသည့် ရာသီဥတုဌာနများဖြစ်သော ဆိုးလ်၊ တိုကျို၊ မွန်ထရီရယ်၊ မဲလ်ဘုန်း၊ အိတ်ဇတာ၊ ဥရောပရက်လတ်ခန့်မှန်းရေးဗဟိုဌာန၊ ဘီဂျင်း၊ မော်စကိုနှင့် ပရီတိုးရီးယားတို့၏ ပေါင်းစပ်ခန့်မှန်းချက်များနှင့်လည်း လိုက်ဖက်မှုရှိသကဲ့သို့ ထိုင်းနိုင်ငံ မိုးလေဝသဌာနမှလည်း ယခုနှစ် မုတ်သုံမိုးသည် ရွာသွန်းမြဲနှင့် ရွာသွန်းမြဲအထက်ရှိနိုင်ကြောင်း ထုတ်ပြန်ထားသည်။

ရာသီဥတုခန့်မှန်းချက်များသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲနေသော လက်ရှိမိုးလေဝသအခြေအနေများအပေါ် အမှီပြုနေသဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်လျက် ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရာသီဥတုခန့်မှန်းချက်များ အသုံးပြုလျက် လာမည့်မိုးရာသီအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် လိုအပ်မည့် အစီအမံများ ချမှတ်ဆောင်ရွက်လျက် ပိုမိုတိုးတက်သော ကောင်းကျိုးရလဒ်များ ရရှိစေနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကဆုန်လပြည့်နေ့က စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်း-ဒေါ်ငွေငွေ (ငွေနဂါး)ရက်ကန်းမိသားစုနှင့်အတူ ရက်ကန်းခတ်အမျိုးသမီး ၅၀ တို့ ထူပါရုံ ဘုရားရင်ပြင်တော်ပေါ်ရှိ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။ (၅၃၁)

ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

မော်လူး မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာရှိ အုန်းဒုတ်ရွာ ဗုဒ္ဓပီယကျောင်းတိုက် ဆရာတော်ဦးက္ကန္ဒက ဦးစီး၍ ဥပုသ်သည်များ၊ အုန်းဒုတ်ရွာရှိ ရွာသူရွာသားများသည် ဗောဓိညောင်ပင်ရှိ ဘုရားများ ရေသပ္ပာယ်ခြင်းနှင့် ညောင်ရေသွန်းခြင်းကို ဗုဒ္ဓပီယကျောင်းတိုက်၌ မေ ၅ ရက် (ကဆုန်လပြည့်နေ့) ညနေ ၃ နာရီခွဲတွင် မြန်မာတို့ထုံးဓလေ့ အစဉ်အလာအတိုင်း ကျင်းပကြောင်း သိရသည်။

အလားတူမော်လူးဒေသ ကိုးတိုက်နယ် ၁၀ အုပ်စုရှိ သမိုင်းဝင် ဒီပက်ရာ စေတီတော်မြတ်ဘုရား ပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်တွင်လည်း ရဟန်းရှင်လူပြည်သူအများက ဘုရားများအား ရေသပ္ပာယ်ခြင်း၊ ဗောဓိညောင်ပင်အား ရေသွန်းလောင်းခြင်းတို့ကို မေ ၅ ရက် (ကဆုန်လပြည့်နေ့) ညနေပိုင်းတွင် စည်ကားသိုက်မြိုက်စွာ သွန်းလောင်းပူဇော်ကြကြောင်း သိရသည်။ (ကြေးမုံ)

စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားတွင် ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပ

ရန်ကုန် မေ ၆

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာကုန်းမြေပေါ်တွင် စံပယ်တော်မူသည့် အတုလာ ဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရားတွင် ကဆုန်လပြည့်နေ့ (ဗုဒ္ဓအခါတော်နေ့) ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပကြောင်း သိရသည်။**(အောက်ပုံ)**

ထိုညောင်ရေသွန်းပွဲတော်ကြီးမှာ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံမြို့နယ်လုံးဆိုင်ရာ (၁၉)ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ပြီး အတာအိုးများတွင် နံ့သာများထည့်၍ သွန်းလောင်းခဲ့ကြခြင်းဖြစ်သည်။

ထက်ခိုင်(စမ်းချောင်း)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၆

ဒေါက်တာအောင်ကျော်ထူး (M.D DARE Co.,Ltd.) သည် ကစားဖော်များဖြစ်ကြသော ဦးအောင်ထွန်း (PETRONAS)၊ ဒေါက်တာအက်ဒွပ်ဖံ (PETRONAS) တို့နှင့်အတူ မေ ၁ ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် SRIXON NO(4) ဘောလုံးကို BEN HOGAN IRON NO(8) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၃ ကိုက်အကွာရှိ ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

ကျပ်နှစ်သိန်းတန်ဖုန်းများ ချထားပေးမှုနှင့်အတူ လက်ကိုင်ဖုန်းများနှင့် ငွေဖြည့်ကတ်များ ပစ္စည်းပြတ်သည်အထိ ရောင်းအားကောင်း

ရန်ကုန် မေ ၆

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ မိုဘိုင်းတယ်လီဖုန်းလိုင်း သန်း ၃၀ စီမံချက်၏ ကနဦးစီမံကိန်းအရ ကျပ်နှစ်သိန်းတန်နှင့် နှစ်သိန်းခွဲတန် မိုဘိုင်းဖုန်းများ ချထားပေးရာတွင် လက်ကိုင်ဖုန်းနှင့် ငွေဖြည့်ကတ်များသည်လည်း ပစ္စည်းပြတ်လပ်သည်အထိ ရောင်းအားကောင်းလျက်ရှိကြောင်း မိုဘိုင်းဖုန်းအရောင်းဆိုင်များမှ စုံစမ်းသိရှိရသည်။

ဖုန်းလိုင်းများ ထပ်မံချထားပေးမှုကြောင့် မိုဘိုင်းဖုန်းအရောင်းဆိုင်များတွင် တံဆိပ်မျိုးစုံ လက်ကိုင်ဖုန်းများနှင့် ကျပ်တစ်သောင်းတန် ငွေဖြည့်ကတ်များသည်လည်း ဈေးကွက်အတွင်းတွင် ပစ္စည်းပြတ်လပ်သည်အထိ ရောင်းအားကောင်းခဲ့သည်။ မိုဘိုင်းဖုန်းများ ရောင်းအားကောင်းခဲ့ရာတွင် တရုတ်နိုင်ငံထုတ် မိုဘိုင်းဖုန်းများ ရောင်းအားကောင်းခဲ့ပြီး နာမည်ကြီးအမှတ်တံဆိပ်များကို တုပထုတ်လုပ်ထားသည့် တရုတ်နိုင်ငံထုတ်ဖုန်းများကိုလည်း ရောနှောဈေးတင်ရောင်းချမှုများလည်းရှိသည်ဟု သိရသည်၊

"ဖုန်းတွေထပ်ချတော့ ဟန်းဆက်တွေရောင်းကောင်းပြီး ပစ္စည်းတောင်ပြတ်နေတယ်။ အခုလက်ရှိ ဟန်းဆက်ဈေးတွေက ကျနေတော့ ပစ္စည်းအစစ်အမှန်ပဲသုံးချင်တယ်။ ပစ္စည်းစစ်ဖို့အတွက်ကလည်း စိတ်ချရတဲ့ဆိုင်မှာပဲ သွားဝယ်ရဲတယ်။ တချို့ဆိုင်တွေက ကြော်ငြာအား၊ ဆိုင်အားကိုသုံးပြီး ဈေးတင်ထားတယ်။ တချို့ကလည်း ဈေးပေါတယ်။ ဒါပေမယ့် ပစ္စည်းအတွက် အာမခံချက်မရှိဘူး။ အဲဒါကြောင့် စိတ်ချရပြီး ဈေးမှန်တဲ့ဆိုင်ကို ရှာဝယ်ရတယ်" ဟု ဖုန်းဝယ်သူတစ်ဦးက ပြောပြသည်။

မိုဘိုင်းဖုန်းများ၏ ဈေးနှုန်းမှာ ကျပ်သုံးသောင်းကျော်ဝန်းကျင်မှ ကျပ်ငါးသိန်းကျော်ဝန်းကျင်အထိ အမှတ်တံဆိပ်အမျိုးမျိုးရှိပြီး ငွေကျပ် သောင်းဂဏန်းနှင့် ကျပ်တစ်သိန်းဝန်းကျင် ဟန်းဆက်များမှာ ရောင်းအားအကောင်းဆုံးဖြစ်ကြောင်း သိရသည်။

"ဖုန်းတွေက တဖြည်းဖြည်းတော့ ကျလာပြီ။ အရင်ကတည်းက ဒီလိုဖြစ်ရင် ပိုမကောင်းဘူးလား။ လုပ်နိုင်ရဲ့သားနဲ့။ အခုလည်း ဈေးတွေ ကျကျလာနေပြီ။ ကိုင်တဲ့သူတွေကလည်း များများလာနေပြီ။ ဒီအတွက်လည်း နိုင်ငံတော်အတွက် အခွန်ငွေတွေလည်း တိုးတက်လာနေမှာပဲ၊ တပ်ဆင်တဲ့လိုင်းအင်အား များပြားလာတာနဲ့အမျှ တပ်ဆင်ခတွေ လျော့ကျလာသလိုပဲ၊ ဖုန်းခေါ်ဆိုခနှုန်းတွေလည်း လျော့ကျသင့်ပြီလေ။ ဖုန်းရပြီဆိုရင် နောက်ဆက်တွဲ ကုန်ကျစရိတ်ပဲ ... ကုန်ကျဦးမှာပဲဟာ။ သေသေချာချာ သုံးသပ်သင့်နေပါပြီ" ဟု ရန်ကုန်မြို့ခံတစ်ဦးက ဆိုသည်။

(ဆုနှင်းလှဲ့)

(7-5)06.pmd 1 5/7/2012, 5:00 AM

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကဆုန်ညောင်ရေသွန်းပွဲ တက်ရောက်

ရန်ကုန် မေ ၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့်ဇနီးတို့သည် မေ ၅ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်၌ ကျင်းပသည့် (၆၂)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲသို့ တက်ရောက်သည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ကိုးသိန်းကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် စေတီတော်အား လက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်ပြီး မဟာဗောဓိပင်၌ ညောင်ရေသွန်းလောင်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူး တိုင်း ဒေသ ကြီး ဝန် ကြီး ချုပ် ဦးညဏ်ဝင်းနှင့် ဇနီးတို့ ပဲခူးမြို့ ရွှေ မော် ဓော စေတီ တော်ရှိ မဟာ ဗောဓိပင် အား ညောင်ရေ သွန်းလောင်းကြ စဉ်။

(သတင်းစဉ်)



ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး၏ သက်တော်ရှည်မွေးနေ့ပူဇော်ပွဲ ကျင်းပမည်

မန္တလေး မေ ၆

နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဇမဟာရဋ္ဌဂုရု အဘိဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက ဝါဆိုဆရာတော်ကြီးသည် သက်တော်(၉၅)နှစ်ပြည့်မြောက်၍ သက်တော် (၉၆)နှစ်သို့ ရောက်ရှိပြီဖြစ်ရာ ဆရာတော်ကြီး၏ သက်တော်ရှည် မွေးနေ့ပူဇော်ပွဲကို ၁၃၇၄ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက်၊ ၄ ရက်၊ ၅ ရက် (မေ ၈-၉-၁၀)ရက်တို့တွင် ဆရာတော်ကြီး သီတင်းသုံးရာ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ဆင်ယင်ကျင်းပမည်ဖြစ်သည်။

ကဆုန်လပြည့်ကျော် ၃ ရက် ညတွင် မြစကြာဆရာတော် အရှင်လက္ခဏ၊ ၄ ရက် ညတွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရတို့က တရားတော်များ ဟောကြားပူဇော်ကြမည်ဖြစ်ပြီး လပြည့်ကျော် ၄ ရက်နှင့် ၅ ရက်တို့တွင် သံဃာအပါး ၁၀၀၀ ကျော်တို့အား ဆွမ်းကပ်၊ဆွမ်းလောင်းလှူခြင်း၊ သင်္ကန်း စသော ဒါနဝတ္ထုတို့ကို လှူဒါန်းခြင်း၊ ပရိသတ်တို့အား ကျွေးမွေးဧည့်ခံခြင်း အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (မောင်တင်မောင်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၅-၂၀၁၂ (တနင်္လာနေ့)

၅း၄၀	"ဘဒ္ဒေကရတ္တသုတ်" တရားတော် (ဆရာတော်ဦးယောသိတ)
၉း၂၀	Activities In The City [အထက(၁) အလုံ ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ]
၁၂း၃၀	Myanmar Cooking Master (ဒုတိယအဆင့်) (ပွဲစဉ်-၃)
၄း၅၅	ရန်ကုန်မြင်ကွင်းကျယ် (Giordano Shop Opening Ceremony and 2012 Seasonal Collection Show)
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၁၅)**
၇း၂၅	Kick Rock Show (Part-1)
၈း၁၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ " The Sign Of Love" "အချစ်သင်္ကေတ" (အပိုင်း-၃)
၉း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၂၉)**
၁၀း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှလုံးသားပုံဖော်ရာ" (အပိုင်း-၁)**
၁း၄၀	မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
၄း၂၅	မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်

သင့်သွေးဖြင့် အသက်ကယ်ပါ

မန္တလေးတောင်ခြေဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်လှူဒါန်း

မန္တလေး မေ ၆

မန္တလေးတောင်ခြေ ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို မေ ၁ ရက် ညနေ ၄ နာရီခွဲက အဆိုပါ ရိပ်သာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) စာတည်းမှူးနှင့် ဝန်ထမ်းမိသားစုများက ငွေပဒေသာပင်ကျပ် တစ်သိန်းငါးသောင်းနှင့် နေ့လယ်စာ အာဟာရအတွက် ငွေကျပ် တစ်သောင်းငါးထောင်တို့ကို အုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

ထို့ပြင် ဝန်ထမ်းမိသားစုများသည် ရိပ်သာနေ အဘိုးအဘွား ၇၄ ဦး အတွက် အာဟာရမုန့်၊ ကော်ဖီ၊ ကွေကာ အစရှိသည့် မုန့်မျိုးစုံတို့ကိုလည်း သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ ညွန့်ဇော် (ကိုယ်ပွား-မန္တလေး)

နေပြည်တော် မေ ၆

ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်သည် မေ ၅ ရက် နံနက် ၅ နာရီတွင် ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်၌ ကျင်းပသည့် စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညို၍ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စေတီတော်အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပသည့် ကဆုန် ညောင်ရေသွန်းပွဲတော်သို့ တက်ရောက်ပြီး ညောင်ရေသွန်းလောင်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့် ပုသိမ်မြို့ ရွှေမုဋ္ဌော မဟာစေတီတော်ရှိ မဟာဗောဓိ ညောင်ပင်အား ကဆုန်ညောင်ရေ သွန်းလောင်းစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့် ကဆုန်ညောင်ရေသွန်းလောင်း

မြင်းခြံမြို့နယ် နန်းမြင့်တောင် သာသနာ့နယ်မြေ၌ RG တွင်းတူးစက်ဖြင့် စက်ရေတွင်း အောင်မြင်စွာတူးဖော်

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသအတွင်းပါဝင်သည့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်ရှိ သောက်သုံးရေရှားပါးသော နန်းမြင့်တောင် သာသနာ့နယ်မြေ၌ RG တွင်းတူးစက်ဖြင့် လေးလက်မ စက်ရေတွင်း တစ်တွင်းကို အောင်မြင်စွာ တူးဖော်နိုင်ခဲ့သဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သောက်သုံးရေ ရရှိရေးအတွက် တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

မြင်းခြံမြို့နယ် နန်းမြင့်တောင်ပေါ်၌ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော မောင်ရင်ပေါ်ရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော်၏ "သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေသဖြင့် သောက်သုံးရေ လှူဒါန်းလိုကြောင်း" မိန့်ကြားချက်အရ မြင်းခြံခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ စက်ရေတွင်းတူးဖော်နိုင်မည့် ပတ်ဝန်းကျင် ဘူမိဗေဒ အခြေအနေများကို လေ့လာခဲ့သည်။

အပြီးသတ်စူးစမ်းလေ့လာမှုများအရ မြင်းခြံမြို့နယ် ငွေးပင်ရိုးကျေးရွာအုပ်စု ကျောက်တန်းကျေးရွာအနီး မြင်းခြံ-မိတ္ထီလာကားလမ်း၏ အရှေ့ဘက် ချောင်းရိုးအနိမ့်မြေနေရာကို စက်ရေတွင်းတူးဖော်ရန် အသင့်လျော်ဆုံးနေရာအဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြသည်။

အဆိုပါ မြင်းခြံမြို့နယ် ငွေးပင်ရိုးကျေးရွာအုပ်စု ကျောက်တန်းကျေးရွာအနီး မြေနေရာတွင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန မြေအောက်ရေဌာနခွဲမှ ဝန်ထမ်းများက RG-08 တွင်းတူးစက်ဖြင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် စတင်တူးဖော်ခဲ့ရာ စတင်တူးဖော်သည်မှ ၁၄ ရက်အကြာ ဇန်နဝါရီ ၂၀ ရက်၌ အောင်မြင်စွာတူးဖော်နိုင်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အဆိုပါ စက်ရေတွင်းသည် ရေထွက်နှုန်း တစ်နာရီ ဂါလန် ၄၀၀၀၊ တွင်းတူးအနက် ၃၇၅ ပေ၊ ရေနေ ၂၆/၃၈ ပေ၊ တွင်းအမျိုးအစား လေးလက်မ ကျောက်စရစ်ရံဖြစ်ပြီး ဓာတ်ခွဲစမ်းသပ်ချက်အရ ရေအရည်အသွေး ကောင်းမွန်သဖြင့် သောက်သုံးရေအဖြစ် အသုံးပြုနိုင်ကြောင်း သိရသည်။

ယခုအခါ စက်ရေတွင်းအောင်မြင်စွာ တူးဖော်နိုင်ခဲ့သည့်နေရာမှ နန်းမြင့်တောင်ခြေသို့ ပိုက်လိုင်းစနစ်ဖြင့် ဆက်လက်သွယ်တန်းဆောင်ရွက်လျက်ရှိရာ သောက်သုံးရေ အခက်အခဲရှိသော နန်းမြင့်တောင်ပေါ်ရှိ ရတနာမြိုင်ကျောင်းနှင့် မောင်ရင်ပေါ်ရိပ်သာကျောင်းတိုက်တို့၏ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သောက်သုံးရေလုံလောက်စွာ ရရှိရေးတို့အတွက် များစွာအထောက်အကူပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ ကိုထွေး

ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းရေး စည်းကမ်းတကျ လိုက်နာပေး

နေပြည်တော် မေ ၆

မြန်မာနိုင်ငံတွင် တစ်နှစ်ထက်တစ်နှစ် လူဦးရေတိုးတက်လာသကဲ့သို့ အသုံးပြုသည့်ယာဉ်များမှာလည်း ပိုမိုများပြားလာမှုကြောင့် ယာဉ်တိုက်မှုများပြားလာကာ သေဆုံးသူ၊ ဒဏ်ရာရရှိသူများမှာလည်း ပိုမိုများပြားလာခဲ့သည်။ ယင်းကဲ့သို့ ယာဉ်တိုက်မှုဖြစ်ပွားခြင်းများ လျော့နည်းကျဆင်းစေရန်အတွက် ယာဉ်စည်းကမ်းဖောက်ဖျက်မှုနှင့် ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းရေး စီမံချက်များ ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိသည်။

ယာဉ်မတော်တဆမှုများအနေဖြင့် တစ်နှစ်တာကာလအတွင်း နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၂၀၁၀ ခုနှစ် ဧပြီ ၁ ရက် မှ ၂၀၁၂ ခုနှစ် မတ် ၃၁ ရက်အထိ ယာဉ်မတော်တဆမှု ၁၀၃၉၂ မှုဖြစ်ပွားခဲ့ပြီး လူ ၁၈၁၁၂ ဦး ဒဏ်ရာရရှိကာ ၂၉၈၉ ဦး သေဆုံးခဲ့သည်။ ပေါ့လျော့စွာမောင်းနှင်ခဲ့သူ ၁၀၄၉၆ ဦးအား အရေးယူခဲ့သည်။

အဆိုပါ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်းမှာ အဓိကအကြောင်းအရင်း (၄)ချက်ဖြစ်သည့် လူ၏မှားယွင်းမှု၊ ယာဉ်ချွတ်ယွင်းမှု၊ လမ်းချွတ်ယွင်းမှုနှင့် ရာသီဥတုတို့ကြောင့် ဖြစ်ပွားလျက်ရှိရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ယာဉ်မတော်တဆမှုများ လျော့နည်းရေးအတွက် စည်းကမ်းပျက်ယာဉ်များအား စစ်ဆေးအရေးယူခြင်း၊ လမ်းအသုံးပြုသူများအား အသိပညာပေးခြင်း၊ ကျေးရွာများအထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းတို့ကို နေ့စဉ်နှင့် အမျှဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန်အတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဧပြီလအတွင်း နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် (၈၁)ကြိမ် ဟောပြောနိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၂၉၅၆ ဦး၊ ပြည်သူ ၃၇၇၄ ဦး၊ ယာဉ်မောင်း/နောက်လိုက် ၁၉၉၃ ဦး၊ တပ်ဖွဲ့ဝင်(စစ်သည်) ၇၃၁ ဦး၊ အနေးယာဉ်လုပ်သား ၂၅၈ ဦး၊ စုစုပေါင်း ၉၇၆၂ ဦးတို့အား ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောမှုများဆောင်ရွက်ခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား Myanmar CP Livestock Co., Ltd. မှ တာဝန်ရှိသူများ တွေ့ဆုံ

နေပြည်တော် မေ ၆

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား Myanmar CP Livestock Co., Ltd. မှ Mr. Phichet Sivasri (President of Myanmar Region) နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး**(ယာပုံ)** နို့စားနွားမွေးမြူရေး၊ အသားစားနွားမွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို မွေးမြူရေးဇုန်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများ၊ မွေးမြူရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ မွေးမြူရေးလုပ်ငန်းများအတွက် ရောဂါထိန်းချုပ်ရေး၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးရေး၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကမ်းနားလမ်းတိုးချဲ့၊ ကွန်ကရစ်လေးလမ်းသွားလမ်းမကြီး ပြီးစီး

သတင်းမှတ်စုနှင့် ဓာတ်ပုံ - စောသိန်းဝင်း

ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းတို့မှ ပို့ကုန်သွင်းကုန်ပစ္စည်းများကို မြန်မာနိုင်ငံ၏ အထက်အောက်ကုန်စည်စီးဆင်းမှုလွယ်ကူလျင်မြန်စွာသွားလာနိုင်မည့် တန် ၆၀ ဝန်ခံနိုင်သော ကွန်ကရစ်လေးလမ်းသွားလမ်းမကြီးကို ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဆိပ်ကမ်းမှ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)လမ်းမကြီးအထိ အဆင့်မြင့်တည်ဆောက်မှုလုပ်ငန်းများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်း၍ အပိုင်းလိုက်တာဝန်ယူဆောင်ရွက်ခဲ့ရာ ကမ်းနားလမ်းလမ်းမကြီး ကွန်ကရစ်လေးလမ်းသွား ဆောက်လုပ်ပြီးစီး၍ ခေတ်မီလျှပ်စစ်ဓာတ်တိုင်များလည်း စိုက်ထူနေပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးကုန်သွယ်မှု ဗဟိုအချက်အချာကျသော ရန်ကုန်မြို့ ကမ်းနားလမ်းသည် အနာဂတ် နိုင်ငံတော်၏ စီးပွားရေးအရ မဟာဗျူဟာကျသော လမ်းမကြီးတစ်ခုအဖြစ် အဆင့်မြှင့်တည်ဆောက်နိုင်ရန်အတွက် ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဆိပ်ကမ်းမှ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဈေးလမ်းအထိ ကွန်ကရစ်အဆင့်မြင့်လေးလမ်းသွားလမ်းမကြီးအား တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်ကုမ္ပဏီများဖြစ်သော အေးရှားဝေါလ်ဆောက်လုပ်ရေးကုမ္ပဏီအားလည်းကောင်း၊ ဗိုလ်တထောင်ဈေးလမ်းမှ မဟာဗန္ဓုလလမ်း၊ ယမုံနာလမ်း၊ ရှုခင်းသာ၊ သာကေတမြို့ပတ်လမ်း၊ ရတနာလမ်း၊ ပဲခူးမြစ်လမ်း၊ ဧရာဝဏ်လမ်းနှင့် မောင်းမကန်ကမ်းသာလမ်းတို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကလည်းကောင်း၊ အမှတ်(၂)လမ်းမကြီးအား မက်(စ်)မြန်မာဆောက်လုပ်ရေးကုမ္ပဏီတို့က လည်းကောင်း တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။

အဆိုပါ စီးပွားရေးအရ မဟာဗျူဟာကျသော လမ်းမကြီးအား ပြည်တွင်းပြည်ပကုန်ပစ္စည်းများ တင်ဆောင်သောယာဉ်ကြီးများ၊ ကုန်သေတ္တာတင်ယာဉ်ကြီးများ၊ သစ်လုံးတင်ယာဉ်များ သီးခြားသွားရောက်နိုင်ရေးနှင့် မြန်မာနိုင်ငံ၏ အထက်အောက်ပြည်နယ်/တိုင်းဒေသကြီးများသို့ လွယ်ကူလျင်မြန်၍ အခက်အခဲမရှိစေရန်အတွက် ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဆိပ်ကမ်းမှ ဗိုလ်တထောင်ဈေးလမ်းအထိ လက်ရှိကမ်းနားလမ်းနှင့် အပြိုင် ကွန်ကရစ်လေးလမ်းသွားကြီးကို အေးရှားဝေါလ်ကုမ္ပဏီက ၂၀၁၀ ခုနှစ် ဇူလိုင်လမှ စတင်ဖောက်လုပ်ခဲ့သဖြင့် လက်ရှိကမ်းနားလမ်းသည် ၁၀ လမ်းသွားအထိဖြစ်လာမည်ဖြစ်သည်။

ယခုအခါ အဆိုပါကမ်းနားလမ်းအား ခေတ်မီဓာတ်တိုင်များ တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်ရန် ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းတို့တွင် ဆိပ်ခံတံတား ၆၂ စင်းကို တည်ဆောက်သွားမည်ဖြစ်သည်။ ကုန်စည်နှင့် ကုန်သေတ္တာများ စီမံခန့်ခွဲနိုင်ရန်နှင့် ကုန်စည်စီးဆင်းမှုများ သွက်လက်မြန်ဆန်မှု၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးအတွက် ကမ်းနားလမ်းနှင့်အပြိုင် ဖောက်လုပ်ထားသော ကွန်ကရစ်လမ်းမကြီးကို အလွန်လေးလံသော ၁၀ ဘီးနှင့်အထက် ကုန်တင်ယာဉ်ကြီးများ သွားလာမှုတွင် ဝန်ခံနိုင်ရန်အတွက် ၁၈ လက်မဒုနှင့် ၂၄ လက်မအမြင့်ရှိ ကွန်ကရစ်လမ်းများခင်းထားခြင်းဖြစ်သည်။

ဗိုလ်တထောင်ဈေးလမ်းမှ ဒဂုံတောင်မြို့နယ် မောင်းမကန်ကမ်းသာယာလမ်းအထိ ခင်းထားသော လမ်းများသည် အချို့သောနေရာများတွင် A/C ကတ္တရာ ကွန်ကရစ်လမ်းများနှင့် ၁၈ လက်မထုရှိသော ကွန်ကရစ်လမ်းများ ဆက်လက်ခင်းထားကြောင်း၊ ဒဂုံတောင်မြို့နယ် အမှတ်(၂) လမ်းအပိုင်းအား မက်(စ်)မြန်မာကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဆိပ်ကမ်းမှ တောင်ဒဂုံမြို့နယ် အမှတ်(၂)လမ်းရှိ တည်ဆောက်ခဲ့သော စီးပွားရေးမဟာဗျူဟာလမ်းမကြီးသည် အထက်မြန်မာနိုင်ငံဖြစ်သော မန္တလေး၊ လားရှိုး၊ မူဆယ်၊ ၁၀၅ မိုင်နှင့် အောက်မြန်မာနိုင်ငံဧရာဝတီတိုင်း၊ မွန်ပြည်နယ် စသည့် ဒေသများသို့ တစ်ဆက်တည်းသွားလာနိုင်သည့်အပြင် ကမ်းနားလမ်းယာဉ်ကြောပိတ်ဆို့မှုများ အထိုက်အလျောက် လျော့ပါး၍ လေးလံသောကုန်ပစ္စည်းများကို လွယ်ကူလျင်မြန်စွာ ပို့ဆောင်သွားလာနိုင်သည့် လမ်းမကြီးတစ်ခုအဖြစ် တည်ဆောက်ထားကြောင်း သိရသည်။

ကမ်းနားလမ်း ကွန်ကရစ်လေးလမ်းသွား တိုးချဲ့ပြီးစီးမှုကို တွေ့ရစဉ်။

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား မြိတ်မြို့၌ ကျင်းပ

နေပြည်တော် မေ ၆

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီတွင် မြိတ်မြို့ မြို့မအားကစားကွင်း၌ကျင်းပရာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက ဂုဏ်ပြုအမှာစကားပြောကြားပြီး မီးသတ်ယာဉ်လေ့ကျင့်ခန်း သရုပ်ပြ၊ မီးသတ်စက်လေ့ကျင့်ခန်း သရုပ်ပြအဖွဲ့တို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းက မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် ရွှေမြိတ်သားတည်းခိုခန်း မီးလောင်မှု၌ မီးငြိမ်းသတ်ရာတွင် ဒဏ်ရာရရှိခဲ့သော အမှတ်(၄) အရန်မီးသတ်တပ်ရင်းမှ ဒုတိယတပ်ခွဲမှူး ဦးစိုးခင်အား ဂုဏ်ပြုဆု ချီးမြှင့်သည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်လေ့ကျင့်ခန်း၊ မီးသတ်စက်လေ့ကျင့်ခန်းများ သရုပ်ပြသခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား မြစ်ကြီးနား၌ ကျင်းပ

နေပြည်တော် မေ ၆

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်နင်ဆိုင်းက အမှာစကားပြောကြားပြီး မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက် RC ဘုရားကျောင်းဝင်းရှိ အဆောက်အအုံမီးလောင်မှုတွင် ရဲဝံ့စွန့်စားစွာ ဆောင်ရွက်ခဲ့ကြသည့် အောင်နန်းရပ်ကွက်မှ အရန်မီးသတ် မြင့်ဝင်း၊ ရွှေညောင်ပင်ရပ်ကွက်မှ အရန်မီးသတ် နော့နော်နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်လဂျာတို့အား ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မီးသတ်တပ်ဖွဲ့၏ မီးသတ်စွမ်းရည်ပြသမှုများနှင့် မီးသတ်သုံးပစ္စည်းကိရိယာများကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

မြန်မာ့ခရီးသွားလုပ်ငန်းသတင်းမှတ်စု — **မောင်သစ်ဆင်း**

မီးခိုးမထွက်သည့် စက်ရုံများ အပြည့်အဝလည်ပတ်နိုင်ရေး ဝိုင်းဝန်းကူညီပေး

"သီရိလင်္ကာနိုင်ငံသို့ ယခုနှစ် ပထမသုံးလတာကာလတွင် ကမ္ဘာလှည့်ခရီးသည်ဦးရေ ၂၁ ဒသမ ၁ ရာခိုင်နှုန်း တိုးမြှင့်ရောက်ရှိခဲ့ပြီးနောက် ထပ်မံ၍ ခရီးသည်တစ်သန်းလာရောက်ရန် ရည်မှန်း၍ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကို မြှင့်တင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း" သီရိလင်္ကာခရီးသွားလုပ်ငန်းဝန်ကြီးက ဧပြီ ၂၃ ရက်နေ့တွင် ပြောကြားလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ပုဒ်တွင် ဖတ်လိုက်ရသည်။ ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေး ကြိုးပမ်းမှုပင်ဖြစ်သည်။

စာရေးသူတို့နိုင်ငံသည် ထင်သာမြင်သာရှိသည့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ ကုမ္ပဏီများ မြန်မာနိုင်ငံသို့ ရောက်လာနေကြပေပြီ။ ကမ္ဘာလှည့်ခရီးသည်များလည်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည်မှာ ယမန်နှစ်က ခရီးသည် ငါးသိန်းနီးပါးရှိခဲ့သည်ဟု ခရီးသွားလုပ်ငန်း သတင်းများတွင် ဖော်ပြခဲ့ကြသည်။ ထိုမျှသာမကပါ ကမ္ဘာလှည့်ခရီးသည်များ ကိုင်ဆောင်လေ့ရှိသည့် Lonely Planet စာစောင်တွင် မြန်မာနိုင်ငံသည် လာရောက်လည်ပတ်ရန် အကောင်းဆုံး ၁၀ နိုင်ငံတွင် ပါဝင်သည်ဟု ဖော်ပြသည်။ အမေရိကန်နိုင်ငံ ကော်လိုရာဒိုအခြေစိုက် အာရှ-ပစိဖိတ်ခရီးသွားလုပ်ငန်းကလည်း ၂၀၁၂ ခုနှစ်တွင် မြန်မာ့ခရီးသွားလုပ်ငန်းသည် နံပါတ်တစ်နေရာရောက်မည်ဟု ဆိုသည်။ မြန်မာ့ခရီးသွားလုပ်ငန်းအတွက် အားရဖွယ်သတင်းများပင်ဖြစ်သည်။

အမှန်တကယ်တွင် ခရီးသွားလုပ်ငန်းသည် လူသားတို့အချင်းချင်း အပြန်အလှန်ကူးလူးဆက်ဆံဆောင်ရွက်သော လုပ်ငန်းတစ်ခုဖြစ်လေရာ ဤလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တစ်ဖက်တွင်လည်း ရုပ်ပိုင်းဆိုင်ရာ ဘေးထွက်ဆိုးကျိုးများသာမက စိတ်ပိုင်းဆိုင်ရာ ဘေးထွက်ဆိုးကျိုးများဖြစ်တတ်သည်ကို ကြိုတင်သတိချပ်သင့်သည်။ လုပ်ငန်းသဘာဝအရ ငွေကြေးတတ်နိုင်သူ၊ စူးစမ်းစိတ်ဝင်စားသူ လူ့အဖွဲ့အစည်းတစ်ခုက အခြားလူ့အဖွဲ့အစည်းတစ်ခုနေထိုင်ရာ အရပ်ဒေသသို့ ခဏတာ သွားရောက်လေ့လာခြင်းဖြစ်ရာ အတွေ့အကြုံ၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့စရိုက် စသည်တို့ကို ရင်းနှီးကျွမ်းဝင်မှု အခြေခံ၍ ဖလှယ်လေ့ရှိကြသည်။ တချို့က သံယောဇဉ်ခိုင်မြဲပြီး အကြိမ်ကြိမ် ပြန်လာတတ်ကြသည်။ တချို့အိမ်ရှင်များက ဧည့်သည်၏ နေရပ်သို့ တစ်ပြန်လိုက်ပါပြီး ဗဟုသုတရှာဖွေကြပြန်သည်။ ဤသို့ဖြင့် ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုတို့မှ တစ်ဆင့် ကမ္ဘာ့ငြိမ်းချမ်းရေးဖော်ဆောင်သည်အထိ ခရီးသွားလုပ်ငန်း၏ အကျိုးအာနိသင်ကို အမိပ္ပာယ်ဖွင့်ဆိုကြသည်။ ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သည့် စက်ရုံဟု ခရီးသွားနယ်ပယ်အတွင်း တင်စားခေါ်ဝေါ်ကြသည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှုအဆင်ပြေလွယ်ကူရေး ကော်မတီအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံခြားသားခရီးသည် ဝင်ထွက်မှု စနစ်တကျလွယ်ကူအဆင်ပြေစေရေး၊ ခရီးသည်များ သွားလာရာတွင် လွယ်ကူအဆင်ပြေစေရေး၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာယာဉ်များ စနစ်တကျဖြစ်စေရေး၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ အဆင့်အတန်းမြင့်မားရေး၊ ခရီးစဉ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရေးဟူသည့် လုပ်ငန်းတာဝန်ကြီး(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များ အဆင်ပြေလွယ်ကူစွာ သွားလာလည်ပတ်နိုင်စေရေးအတွက် ကန့်သတ်နယ်မြေများကိုလည်း ဖြေလျှော့ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိနေပြီဟု သိရှိရသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ တိုးတက်မြင့်မားလာသည်နှင့်အမျှ သွားရောက်လည်ပတ်နိုင်သည့် ခရီးစဉ်ဒေသသစ်များ ပိုမိုလိုအပ်လာသဖြင့် ယခင်ပြည်ထဲရေးဝန်ကြီးဌာန၏ နယ်မြေကန့်သတ်ချက်တွင် ဖော်ပြထားခြင်းမရှိသော ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နယ်မြေအချို့အား ခရီးစဉ်အသစ်များအဖြစ် ဖော်ထုတ်၍ ကြိုတင်ခွင့်ပြုချက်ဖြင့် သွားလာခွင့်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခရီးသွားကုမ္ပဏီများ၏ ကန့်သတ်နယ်မြေခရီးစဉ် ကြိုတင်လျှောက်ထားမှုများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး စာရွက်စာတမ်းများ ပြည့်စုံပါက ခရီးစဉ် ခွင့်ပြုမိန့်အမြန်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံတွင် ဆိုက်ရောက် ကမ္ဘာလှည့်ဗီဇာ၊ ဆိုက်ရောက်လုပ်ငန်းဗီဇာ၊ ဆိုက်ရောက်ပြည်ဝင်ဗီဇာ (လူမှုရေးအလည်အပတ်)၊ ဆိုက်ရောက်ဖြတ်သန်းခွင့်ဗီဇာများကို ၂၀၁၀ ပြည့်နှစ် မေလမှစပြီး ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့တွင် ထုတ်ပေးခဲ့ကာ ၂၀၁၀ စက်တင်ဘာလတွင် ယာယီရပ်ဆိုင်းခဲ့သည်။ ယခုအခါ ဆိုက်ရောက်ဗီဇာများနှင့် စီးပွားရေးဆိုက်ရောက်ဗီဇာများကို ဇွန်လ ၁ ရက်တွင် စတင်၍ ပြန်ပေးတော့မည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဧပြီ ၂၉ ရက်တွင် မီဒီယာနှင့် တွေ့ဆုံပွဲ၌ ပြောကြားခဲ့သည်။ "ဆိုက်ရောက်ဗီဇာပေးလိုက်ရင် အဓိကအကျိုးဖြစ်ထွန်းလာမှာက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမှာပဲ၊ ၂၀၁၀ တုန်းက ပေးတုန်းကလဲ ခရီးသွားလုပ်ငန်းတိုးတက်လာတာပါပဲ။ ဒါပေမယ့် ရေရှည်တော့ လုပ်ပေးဖို့လိုမယ်"ဟု လုပ်ငန်းရှင်ကြီးတစ်ဦးက ဆိုပြန်သည်။

ဤသို့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့က ၂၀၁၂ ခုနှစ်တွင် မြန်မာ့ခရီးသွားလုပ်ငန်း နံပါတ်တစ်နေရာရရှိရေး၊ မီးခိုးမထွက်သည့် စက်ရုံများ ပြည့်ဝအောင်မြင်စွာ လည်ပတ်နိုင်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်တွင် နိုင်ငံသားအားလုံးကလည်း မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ ယဉ်ကျေးဖော်ရွေမှု၊ အပြုံးပန်းတို့ ဝေဆာမှု၊ ဧည့်ဝတ်ကျေပွန်မှုတို့ဖြင့် မိမိတို့ ကျရာနေရာ၊ ရောက်ရှိရာနေရာ အခန်းကဏ္ဍမှ ဝိုင်းဝန်းကူညီပံ့ပိုးပေးရမည်ဖြစ်သည်။ ထိုမျှသာမက မိမိနိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ၏ အသက်အိုးအိမ်လုံခြုံမှုရှိရေးကိုလည်း စောင့်ရှောက်ပေးခြင်းဖြင့် မိမိတို့လူမျိုး၏ ယဉ်ကျေး၍ နိုင်ငံကြီးသား ပီသသည့် လက္ခဏာများကို ဖော်ထုတ်ခြင်းဖြင့် ကူညီရန် အချိန်တန်နေပြီဖြစ်သည်။ သို့မှသာလျှင် **"မီးခိုးမထွက်သည့် စက်ရုံများ အပြည့်အဝလည်ပတ်နိုင်ပြီး နိုင်ငံခြားဝင်ငွေတိုး၍ မြန်မာ့ခရီးသွားလုပ်ငန်း နံပါတ်တစ်နေရာသို့ ရောက်ရှိလာမည်ဖြစ်သည်ဟု"** ယုံကြည်မိပါကြောင်း. . . .။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၅-၂၀၁၂ (တနင်္လာနေ့)

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၀၀	ချစ်စရာအရွယ်ကကြိုးသွယ်
၈း၁၀	"အမွန်မြတ်ဆုံးလက်ဆောင်"
၄း၂၅	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၃၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (အင်္ဂလိပ်စာမှလွဲ၍ အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅း၀၀	မြန်မာစာ၊ မြန်မာစကား
၅း၂၀	"နိုင်ငံ့ဝင်ငွေတိုးတက်ဖွေရှာ ရေထဲကမြန်မာ့ပုလဲရတနာ"
၅း၃၀	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၂၀	ဆိုကြမယ် ပျော်ကြမယ်
၆း၅၀	"မြတ်သောအလှူမှုဝေယူ ပေါင်းစုတူညီပြုကြမည်"
၇း၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၂၅) (ဇာတ်သိမ်းပိုင်း)**
၈း၀၀	ပြည်တွင်းသတင်း -ကမ္ဘာကျော်သရုပ်ဆောင်များ -နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး" (အပိုင်း-၃) -အိန္ဒိယရုပ်ရှင် "နှုတ်ကြောင့်သေ လက်ကြောင့်ကြေ" (အပိုင်း-၁)

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင် မြို့နယ်မီးသတ်စခန်းများအနက် သန့်ရှင်းသာယာလှပမှု ပထမဆုရရှိသော ကျောက်ဖြူမြို့နယ် မီးသတ်စခန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ညောင်တုန်းဓာတ်ငွေ့ပိုက်လိုင်

မေ ၁ ရက် နံနက် ၇နာရီ ၁၅ မိနစ်ခ
974684) ဦးငွေထွန်း၏ လယ်မြေအနီး
ပို့လွှတ်သော ဓာတ်ငွေ့ပိုက်လိုင်းပေါက်၍ ယို
ကြားခဲ့မှုကြောင့် ညောင်တုန်းသဘာဝဓာတ်
လုံခြုံရေးတာဝန်ရှိသူများက ကန်ကြီး
ဖြစ်ကြောင်း၊ လွန်ခဲ့သော သုံးလခန့်ကလည်း
သိရသည်။

ဝမ်းပျက်

မေ ၃ ရက် ညနေ ၃နာရီ ၄၅ မိ
ဒေါ်ခင်ခင်သင်းတို့၏ သားသမီးများဖြစ်ကြ
တာလင်း(၂)နှစ်တို့ မောင်နှမသုံးဦးနှင့် အ
ဝမ်းပျက်ဝမ်းလျှော ဖြစ်ပွားသဖြင့် မအူပင်ဆေ
ရောဂါကြိုတင်ကာကွယ်ရေး အပူတပြင်းဆေ

လေးမျက်နှာ

မေ ၂ ရက် ညနေ ၆ နာရီခန့်က
အမက ကျောင်းတစ်ကျောင်းနှင့် ကျေးလက်
ငင်းကျေးရွာနေ ဒေါ်တင်ကြည် (၇၀)နှစ်နှင့်
သွားသည်။ ထို့ပြင် ကညင်ကွင်းကျေးရွာ၌
သစ်ပင်ဝါးပင်များ ကျိုးကျသဖြင့် ပျက်စီးသွာ
ကြောင့် လေးမျက်နှာဆေးရုံသို့ တင်ပို့ကုသ

ဓာတ်အားလိုင်းကြိုးနှင့် ထိ

မေ ၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်
ဓာတ်အားလိုင်းနှင့် ထိစပ်နေသောဝါးပင်ကို
ဓာတ်လိုက်သေဆုံးသွားသည်။ ယင်းဖြစ်ရပ်ကို
တိုင်တန်းချက်အရ ပန်းတနော်ရဲစခန်းမှ သေ

ပလပ်ပေါက်ထဲ မော်တာ

ပုသိမ်မြို့ (၈)ရပ်ကွက် ဖောင်တော်ဦး
ခွဲခန့်တွင် အိမ်သာနှင့် ရေချိုးခန်းပြုပြင်ရာ၌
အချောသပ်နေရာမှ လျှပ်စစ်ပလပ်ပေါက်တွ
ပတ်သက်၍ အိမ်ရှင် ဒေါ်ချိုချိုရီက ဓမ္မတာအ
ရဲစခန်းမှ သေမှုသေခင်းအမှတ် ၁၃/၂၀၁၂

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၅-၂၀၁၂ (တနင်္လာနေ့)

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၀၀ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၀ "အမွှန်မြတ်ဆုံးလက်ဆောင်"
၄း၂၅ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၃၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
-ဒုတိယနှစ် (အင်္ဂလိပ်စာမှလွဲ၍ အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅း၀၀ မြန်မာစာ၊ မြန်မာစကား
၅း၂၀ "နိုင်ငံ့ဝင်ငွေတိုးတက်ဖွေရှာ ရေထဲကမြန်မာ့ပုလဲရတနာ"
၅း၃၀ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၂၀ ဆိုကြမယ် ပျော်ကြမယ်
၆း၅၀ "မြတ်သောအလှူမျှဝေယူ ပေါင်းစုတူညီပြုကြမည်"
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၂၅) (ဇာတ်သိမ်းပိုင်း)
၈း၀၀ ပြည်တွင်းသတင်း
-ကမ္ဘာကျော်သရုပ်ဆောင်များ
-နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး" (အပိုင်း-၃)
-အိန္ဒိယရုပ်ရှင် "နှုတ်ကြောင့်သေ လက်ကြောင့်ကြေ" (အပိုင်း-၁)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား တက်ရောက်

နေပြည်တော် မေ ၆

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ မီးသတ်စခန်း၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်စခန်းများအနက် သန့်ရှင်းသာယာလှပမှု ပထမဆုရရှိသော ကျောက်ဖြူမြို့နယ် မီးသတ်စခန်းအား ဆုချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်းက (၆၇) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၌ ပါဝင်ချီတက်ခဲ့ကြသည့် ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မီးသတ်အသက်ကယ် ပစ္စည်းများကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၌ ကျင်းပသည့် ပြည်နယ်အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတားဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင် မြို့နယ်မီးသတ်စခန်းများအနက် သန့်ရှင်းသာယာလှပမှု ပထမဆုရရှိသော ကျောက်ဖြူမြို့နယ် မီးသတ်စခန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သူ့အမြင် သူ့အတွေး — မွန်လေး

သတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားသည် . . သို့သော်

"သတိပေးနှိုးဆော်ချက်"၊ "ညွှန်ကြားချက်"၊ "လိုက်နာရန်" စသည်တို့သည် သူ့နေရာနှင့်သူ၊ သူ့အပိုင်းနှင့်သူ လိုက်နာကျင့်သုံးသူတွေအတွက် တစ်ဦးချင်းကိုရော အများအတွက်ပါ အကျိုးစီးပွားဖြစ်ထွန်းစေဖို့၊ အသက်အန္တရာယ် လုံခြုံချမ်းမြေ့စွာ သွားလာနေထိုင် လုပ်ကိုင်နိုင်ဖို့ ရည်ရွယ်ထုတ်ပြန်ထားခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင်းသွားလာလျက်ရှိသော မော်တော်ယာဉ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အညီမောင်းနှင်သွားလာကြရန် တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက "သတိပေးနှိုးဆော်ချက်" ထုတ်ပြန်ထားသည်။ သို့သော် ယာယီနံပါတ်သက်တမ်းကျော်လွန်သည့် ယာဉ်များ၊ နံပါတ်ပြား မပါဘဲ သတ်မှတ်လမ်းကြောင်းအတွင်း မောင်းနှင်ခြင်းမရှိသည့် ယာဉ်များအား ၁-၂-၂၀၁၂ မှ ၁၅-၃-၂၀၁၂ ရက်အထိ ၃၂၆ စီး အရေးယူဆောင်ရွက်ခဲ့ရသည်။

အလားတူ ရန်ကုန်မြို့တွင်း ခြေကျင်သွားလာသည့် လမ်းအသုံးပြုသူများသည် လူသွားစင်္ကြံ၊ လူကူးမျဉ်းကျားများ၊ လူကူးခုံးကျော်တံတားများမှသာ သွားလာဖြတ်ကူးကြရန် သက်ဆိုင်ရာက "သတိပေးနှိုးဆော်ချက်" ထုတ်ပြန်ထားသည်။ သို့သော် စည်းကမ်းမဲ့လမ်းဖြတ်ကူးသူများအား (၁-၁-၂၀၁၂)မှ (၁၅-၃-၂၀၁၂) ရက်ထိ ၇၀၁၅ ဦးကို အရေးယူခဲ့ရသည်။

ဧပြီလနောက်ဆုံးပတ်၏ နေ့ရက်တစ်ရက် ညနေပိုင်းတွင် ဖြစ်သည်။ ကန်တော်ကြီးသဘာဝဉယျာဉ်(ဗိုလ်ချုပ်ပန်းခြံ) (အပြင်ပတ်လမ်းနှင့် အတွင်းပတ်လမ်းနှစ်ခုရှိသည်) အတွင်းပတ်လမ်း၌ ကျန်းမာရေးလေ့ကျင့်ခန်း လမ်းလျှောက်နေစဉ် မည်သည့်ယာယီနံပါတ်မျှမပါသည့် အသစ်စက်စက် "ရှိုး" ကားတစ်စီး၊ ခေါင်းခန်းတွင် လူနှစ်ဦး (တစ်ဦးကနည်းပြ၊ တစ်ဦးကအမောင်းသင်) ပန်းခြံအတွင်း ပတ်လမ်း၌ အနေး၊ အမြန်၊ ဘယ်ကွေ့၊ ညာကွေ့၊ ရှေ့တိုး၊ နောက်ဆုတ်နည်းဖြင့် "အေးဆေး" စွာ ယာဉ်မောင်းသင်လေ့ကျင့်နေသည်။ စည်းကမ်းဖောက်ဖျက်သူများဟု အမည်တပ်မည့်သူမရှိ၊ မည်သူမျှစစ်ဆေး၊ မေးမြန်းတားဆီးမည့်သူမရှိ။

သိမ်ဖြူယာဉ်မောင်းသင်ကွင်းကို မြို့တော်စည်ပင်ကပြောင်းရွှေ့ဖျက်သိမ်းနေသည်။ ယာဉ်မောင်းသင်လေ့ကျင့်ရေးကွင်းအဖြစ် ကန်တော်ကြီးသဘာဝဉယျာဉ် အတွင်းသို့ "ရွှေ့" လာနိုင်သည်။ အလုံးအရင်းနှင့် "ရွှေ့" လာကြလျှင်ခက်မည်။ ကန်တော်ကြီးသဘာဝဉယျာဉ် အလှအပကိုပျက်စီးစေမည့်အပြင် ကျန်းမာရေးလေ့ကျင့်ခန်း ပြုလုပ်သူများအတွက် မလိုလားအပ်သည့်ထိခိုက်မှုအန္တရာယ်ကို မဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ဟန့်တားရေး ပြုလုပ်စေချင်ပါသည်။ စသင့်ပြီဟု ထင်ပါသည်။

မေ ၂ ရက် နေ့ခင်းပိုင်းတွင် စာပေဗိမာန်စာအုပ်ဆိုင်သို့ စာအုပ်ဝယ်ရန် တာမွေဘက်မှ လိုင်းကားစီးသွားသည်။ ကုန်သည်လမ်း ပန်းဆိုးတန်း မှတ်တိုင်တွင် ဆင်းသည်။ ရန်ကုန်မြို့တွင် လူအစည်ကားဆုံး၊ ကားလိုင်းအစုံဆုံး၊ ဈေးသည် ဈေးဝယ်အများဆုံးနေရာဖြစ်ပါ၏။ သို့သော် လူကူးမျဉ်းကျားဟူ၍ လုံးဝမရှိ (ယခင်ရှိခဲ့သည်များ ပျက်နေ/ပျောက်နေပါပြီ)။

စာပေဗိမာန်စာအုပ်ဆိုင်က မိမိဆင်းသည့် ကားမှတ်တိုင်၏ ဟိုမှာဘက်ခြမ်း၊ လမ်းဟိုဘက် ဒီဘက် ပေ ၃၀ ခန့်တွင် ဖြစ်သည်။

မျဉ်းကျားမရှိသဖြင့် စည်းကမ်းတကျသွားမည်ဆိုလျှင် ပန်းဆိုးတန်းမီးပွိုင့် အထိ သွားရမည်။ မီးပွိုင့်မီးနီမှ လမ်းဖြတ်ကူးပြီး စာပေဗိမာန်စာအုပ်ဆိုင်သို့ သွားရမည်။ သို့ဆိုလျှင် ပေ ၃၀ အနီးရှိဆိုင်ကို ကိုက် ၃၀၀ သွားပြီးမှ ရောက်မည်။ မသွားချင်သည့် မိမိ၏ ဉာဉ်က ပိုးဝင်နေပြီ။ ဖမ်းမည့်၊ ဆီးမည့်၊ တားမည့်သူမရှိလျှင် လူကူးခုံးကျော်တံတားမရှိ၊ မျဉ်းကျားမရှိသည်ကို အကြောင်းပြပြီး လှစ်ခနဲ လမ်းဖြတ်ကူးမိမြဲဖြစ်သည်။

ယခုလည်း ပန်းဆိုးတန်း မီးပွိုင့်ထိမသွား။ လှစ်ခနဲ လမ်းဖြတ်အကူး "လှည့်ကင်း" "လှည့်ကင်း" အသံကြားနှင့်အတူ အပြေးအလွှားစာပေဗိမာန်ဆိုင်ထဲ ပြေးဝင်ခဲ့သည်။ ပေ ၃၀ ခရီးကို ကိုက် ၃၀၀ ထိ မသွားချင်သည့်ဉာဉ်ကြောင့်လား။ မျဉ်းကျားမရှိလို့ စည်းဖောက်တာလားဆိုသည်ကို မိမိကိုယ်မိမိ အဖြေမပေးနိုင်ခဲ့ပါ။

ယာဉ်အို၊ ယာဉ်ဟောင်း အပ်နှံမှုအစီအစဉ်အရ တစ်နိုင်ငံလုံးတွင် ဧပြီ ၂၉ ရက်အထိ ယာဉ်စီးရေ ၄၈၀၀၀ ကျော်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်း အနေဖြင့် ယာဉ်စီးရေ ၁၈၀၀၀ ကျော် သက်ဆိုင်ရာသို့ အပ်နှံပြီးကြောင်း သိရသည်။ ယာဉ်ဟောင်းအပ်နှံပြီး ယာဉ်သစ်တင်သွင်းခွင့်ရ စီးရေမည်မျှ ရန်ကုန်မြို့တွင်း အမောင်းသင်နေကြပြီကို မသိပါ။

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန) အနေဖြင့် ယာဉ်ပိုင်ရှင်များ ကညနကိစ္စဆောင်ရွက်လျှင် မိမိနေအိမ်မှ ကညနသွားသည့် သတ်မှတ်လမ်းကြောင်းအတိုင်းသာ ယာဉ်ယာယီနံပါတ်ဖြင့် သွားလာမောင်းနှင်ရမည်ဖြစ်ကြောင်း "သတိပေးနှိုးဆော်ချက်"ထုတ်ပြန်ထားသည်။ သို့သော် မည်သည့် ယာယီနံပါတ်မျှမပါဘဲ "ရှိုး" ကားများ ရန်ကုန်မြို့အနှံ့မောင်းနှင်နေသည်ကို မကြာခဏတွေ့နေရဆဲ ဖြစ်သည်။ အထူးသဖြင့် ညဦးပိုင်းနှင့် ညပိုင်းတို့တွင် ဖြစ်ပါ၏။

"သတိပေးနှိုးဆော်ချက်" ထုတ်သည်လည်း ထုတ်ပါ။ ထုတ်လည်း ထုတ်သင့်ပါသည်။ ထုတ်ပြီးသော"သတိပေးနှိုးဆော်ချက်"သည် စာအုပ်ကြီးပေါ်မှာသာ မရှိစေချင်ပါ။ ကိုယ့်လူ. . . သူ့လူ ဟူ၍ မခွဲခြားဘဲ သူ့ဘက်ကိုယ့်ဘက် ပြည်သူ့ဘက်ကိုပါ ကြည့်သင့်ပါသည်။ ပြည်သူများကို စာနာစေလိုပါသည်။

ဈေး၊ ကျောင်း၊ ဆေးရုံ၊ မီးပွိုင့်၊ လူစည်ကားရာမြို့လယ်ဈေးကြီး စသည့် အချက်အချာနေရာများတွင် လူကူးမျဉ်းကျား၊ လူကူးစင်္ကြံများကို ထင်သာ၊ မြင်သာရှိအောင် ထပ်မံတိုးချဲ့ပြုလုပ်ပေးစေလိုပါသည်။ သို့မဟုတ်ပါက "ဉာဉ်" ဆိုးမပျောက်သော သူများအနေဖြင့် "သတိပေးနှိုးဆော်ချက်"အပေါ် လစ်လျှင် လစ်သလို ပျက်ကွက်နေမိဦးမည်သာ ဖြစ်ပါသည်။

ခွင့်ပြုချက်ဖြင့် လုပ်ငန်းတာဝန်အရ သွားလာနေရသူ ပုံနှိပ်သတင်းမီဒီယာ အားကစားသတင်းသမားတစ်ဦး၏ မော်တော်ဆိုင်ကယ်ကို နေ့စဉ်တစ်နေရာ မဟုတ် တစ်နေရာ ရပ်တန့်မေးမြန်းစစ်ဆေးနေသော်လည်း မည်သည့် တာဝန်မျှမရှိသည့် ယာယီနံပါတ်ပင်မပါသည့် မော်တော်ဆိုင်ကယ်များ မိမိတို့ ရပ်ကွက်အတွင်း၊ လမ်းများအတွင်း ညဦးပိုင်း၊ ညနေပိုင်း၊ ညပိုင်းတို့တွင် သွားလာမောင်းနှင်နေကြသည်ကို နေ့စဉ်တွေ့မြင်နေရသည်။ သတိပေးနှိုးဆော်ချက်ကို ပြက်ရယ်ပြုသလို ဖြစ်နေပါသည်။ တာဝန်ရှိသူများ သတိမူကာ ပြန်လည်သုံးသပ်စေလိုပါသည်။

"သတိပေးနှိုးဆော်ချက်" ထုတ်ပြန်ထားသည်. . . သို့သော်

ညောင်တုန်းဓာတ်ငွေ့ပိုက်လိုင်းပေါက်၊ ပြည်သူများအကြောင်းကြား၍ အချိန်မီပြင်ဆင်

ညောင်တုန်း မေ ၆

မေ ၁ ရက် နံနက် ၇နာရီ ၁၅ မိနစ်ခန့်က ကန်ကြီးထောင့်မြို့နယ် မဂူကျွန်း ကျေးရွာအရှေ့ဘက် ခန့်မှန်း (မပညဖ-FP 974684) ဦးငွေထွန်း၏ လယ်မြေအနီး ညောင်တုန်းသဘာဝဓာတ်ငွေ့စက်ရုံမှ ကျွန်းလျားရှည်ဓာတ်မြေသြဇာစက်ရုံသို့ ပို့လွှတ်သော ဓာတ်ငွေ့ပိုက်လိုင်းပေါက်၍ ယိုထွက်ပျံ့နှံ့နေခြင်းကို ဒေသခံတောင်သူများက သက်ဆိုင်ရာသို့ အမြန်ဆုံးအကြောင်းကြားခဲ့မှုကြောင့် ညောင်တုန်းသဘာဝဓာတ်ငွေ့လိုင်းမှ အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လုံခြုံရေးတာဝန်ရှိသူများက ကန်ကြီးထောင့်မြို့နယ်အတွင်း ညောင်တုန်းဓာတ်ငွေ့ပိုက်လိုင်း ပေါက်မှုသည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ လွန်ခဲ့သော သုံးလခန့်ကလည်း ဒါးက ရထားလမ်းနှင့် ကားလမ်းကြား၌ ဖြစ်ခဲ့ဖူးကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ (၅၅၂)

ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုကာကွယ်

မအူပင် မေ ၆

မေ ၃ ရက် ညနေ ၃နာရီ ၄၅ မိနစ်ခန့်က မအူပင်မြို့ အမှတ်(၆)ရပ်ကွက် ခိုင်သစ္စာလမ်းနေ ဦးဝင်းဇော်ဦး-ဒေါ်ခင်ခင်သင်းတို့၏ သားသမီးများဖြစ်ကြသော မောင်ကောင်းဇေယျာလင်း (၉)နှစ်၊ မသင်းခြည်လင်း (၇)နှစ်၊ မသင်းသော်တာလင်း(၂)နှစ်တို့ မောင်နှမသုံးဦးနှင့် အတူနေ ဦးမောင်မျိုး-ဒေါ်စိုးစိုးသင်းတို့၏သား မောင်မျိုးရဝေဦး (၁၂)နှစ်တို့သည် ဝမ်းပျက်ဝမ်းလျှော ဖြစ်ပွားသဖြင့် မအူပင်ဆေးရုံကြီးသို့ အချိန်မီ တင်ပို့ကုသထားရကြောင်း တာဝန်ရှိသူတို့က ဝမ်းပျက်ဝမ်းလျှော ရောဂါကြိုတင်ကာကွယ်ရေး အပူတပြင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၅၅၂)

လေးမျက်နှာမြို့နယ်တွင် လေဆင်နှာမောင်းတိုက်

လေးမျက်နှာ မေ ၆

မေ ၂ ရက် ညနေ ၆ နာရီခန့်က လေးမျက်နှာမြို့နယ် ကတက်ကျေးရွာ၌ လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားရာ အမက ကျောင်းတစ်ကျောင်းနှင့် ကျေးလက်ဆေးပေးခန်း တစ်ခန်းတို့မှ သွပ်မိုး၊ အကာ/ဒိုင်းမြှားများ ပျက်စီးလွင့်ပါသွားပြီး ၎င်းကျေးရွာနေ ဒေါ်တင်ကြည် (၇၀)နှစ်နှင့် ဦးအောင်ကျော်မြင့်တို့၏ နေအိမ်နှစ်လုံးမှာ သစ်ပင်များပိကျ၍ ပျက်စီးဆုံးရှုံး သွားသည်။ ထို့ပြင် ကညင်ကွင်းကျေးရွာ၌ အမကကျောင်းတစ်ကျောင်းနှင့် ဦးစိုးငွေ၊ ဦးသန်းဦးတို့၏ နေအိမ်နှစ်လုံးပေါ်သို့ သစ်ပင်ဝါးပင်များ ကျိုးကျသဖြင့် ပျက်စီးသွားပြီး ဦးစိုးငွေမှာ သစ်ပင်ပိ၍ ဦးခေါင်း ဝဲချိုစောင်း ပေါက်ပြဲဒဏ်ရာ ရရှိသွားခြင်းကြောင့် လေးမျက်နှာဆေးရုံသို့ တင်ပို့ကုသလျက်ရှိကြောင်း သိရသည်။

ဓာတ်အားလိုင်းကြိုးနှင့် ထိနေသည့် ဝါးပင်ကို ခုတ်လှဲမိ၍ ဓာတ်လိုက်သေဆုံး

ပန်းတနော် မေ ၆

မေ ၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က ပန်းတနော်မြို့နယ် ရွှေမြင်တင် ကျေးရွာနှင့် ထွန်းပအရှေ့ကျေးရွာအကြား ဓာတ်အားလိုင်းနှင့် ထိစပ်နေသောဝါးပင်ကို အောင်နိုင်ထွေး(၃၉)နှစ် ပန်းတနော် အနောက်ပိုင်းရပ်ကွက် နေသူက ခုတ်လှဲရာ ဓာတ်လိုက်သေဆုံးသွားသည်။ ယင်းဖြစ်ရပ်ကို ဒုတိယရဲအုပ် စိုးမိုးက ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးပေးရန် တိုင်တန်းချက်အရ ပန်းတနော်ရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် ၂/၂၀၁၂ ဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ပလပ်ပေါက်ထဲ မော်တာကြိုးထိုးသွင်းရာမှ ပန်းရန်ဆရာ ဓာတ်လိုက်သေဆုံး

ပုသိမ် မေ ၆

ပုသိမ်မြို့ (၈)ရပ်ကွက် ဖောင်တော်ဦး ဘုရားလမ်းနေ ဒေါ်ချိုချိုရီ (၅၀)နှစ် ၏ နေအိမ်၌ မေ ၁ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် အိမ်သာနှင့် ရေချိုးခန်းပြုပြင်ရာ၌ ဘုံကျော်ကွက်သစ်နေ ပန်းရန်ဆရာ ကိုဖြူလွင် (၂၇)နှစ်သည် ရေချိုးခန်းအင်္ဂတေ အချောသပ်နေရာမှ လျှပ်စစ်ပလပ်ပေါက်တွင် မော်တာကြိုးထိုးသွင်းလိုက်ရာ ဓာတ်လိုက်သေဆုံးသွားသည်။ ယင်းအမှုနှင့် ပတ်သက်၍ အိမ်ရှင် ဒေါ်ချိုချိုရီက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးပေးရန် တိုင်တန်းချက်အရ အသည်ကြီးရဲစခန်းမှ သေမှုသေခင်းအမှတ် ၁၃/၂၀၁၂ ဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ပုသိမ် လှကြည်

သတိပြု ဆင်ခြင်စရာ သတင်းအဖြာဖြာ

မေ ၄ ရက် ညနေ ၄ နာရီခွဲခန့်က ဖျာပုံမြို့ပေါ်၌ လေပြင်းတိုက်၊ မိုးသည်းထန်သဖြင့် ဖျာပုံဈေးရပ်ကွက် စည်ပင်ဈေးတောင်ဘက်လမ်းထောင့်မှ ညောင်မုတ်ဆိတ်သစ်ပင်ကြီး ပြိုလဲကျနေသည်ကို တွေ့ရစဉ်။ (၁၄၀)

ဖျာပုံမြို့တွင် မိုးသည်းထန်၊ လေပြင်းတိုက်၊ မိုးကြိုးပစ် တစ်ဦးသေ

ဖျာပုံ မေ ၆

ပဲခူးတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဖျာပုံမြို့တွင် မေ ၄ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများ တိုက်ခတ်၍ မြို့ပေါ်ရှိ အချို့နေအိမ်များ၊ ဈေးဆိုင်ခန်းများ၏ သွပ်မိုးများ လန်ထွက်ခဲ့ပြီး ရပ်ကွက်တချို့မှ သစ်ပင်ကြီးများ ကျိုးကျခဲ့ရာ လူများ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိသော်လည်း မြို့ပေါ် ရပ်ကွက်များတွင် နေရာ ၁၂ နေရာ၌ လျှပ်စစ်ဓာတ်ကြိုးများ ပြတ်တောက်ကျခဲ့သည်။

ထိုနေ့ ညနေ ၄ နာရီခွဲခန့်တွင် ဖျာပုံမြို့အနောက်ဘက် ကပ်လျက်တည်ရှိသည့် ဖျာပုံအရှေ့ကျေးရွာအုပ်စု အုတ်ကျင်းရွာနေ မစုစုလတ် အသက်(၂၈)နှစ်သည် အဖော်နှစ်ဦးနှင့်အတူ နေအိမ်မှ သုံးဖာလုံခန့်ဝေးသော ဖျာပုံချောင်းတောင်ဘက်ကမ်း သဲသောင်ပြင်သို့ ပဲတီပင်ပေါက်များကို ရောင်းရန်အတွက် သွားရောက်ဖော်ယူရာ ရုတ်တရက် မိုးပြင်းလေပြင်းကျသဖြင့် စိုက်ခင်းတဲအတွင်း ခေတ္တဝင်ရောက် မိုးခိုရာ မိုးကြိုးပစ်ခံရသဖြင့် နေရာတွင်ပင် သေဆုံးသွားပြီး အဖော်ပါသူ ဒေါ်တင်ထွေးမှာ ဒဏ်ရာရရှိသဖြင့် ဖျာပုံဆေးရုံ၌ အတွင်းလူနာအဖြစ် တင်ပို့ထားရပြီး မောင်အရင်းဖြစ်သူ မောင်ရဲသီဟ (၂၀)နှစ်မှာ ထိခိုက်ဒဏ်ရာရရှိမှု မရှိဟု သိရသည်။

ထိုနေ့က ဖျာပုံမြို့ပေါ်၌ ညနေ ၄ နာရီအထိ နေ့အပူချိန်မှာ ၁၀၃ ဒီဂရီ ဖာရင်ဟိုက်ရှိပြီး လေပြင်းတိုက်ခတ်မှုမှာ တစ်နာရီ မိုင် ၄၀ မှ ၄၅ မိုင်နှုန်း တိုက်ခတ်ခဲ့၍ မိုးရေချိန်မှာ ၃ ဒသမ ၅၀ လက်မရှိကြောင်း သိရှိ ရသည်။ (၁၄၀)

ဧပြီလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း(၂၇၈)မှု တရားခံ(၃၆၃)ဦး ဖမ်းဆီးအရေးယူ

နေပြည်တော် မေ ၆

ဧပြီလအတွင်း နိုင်ငံတစ်ဝန်းတွင် မူးယစ်ဆေးဝါးအမှုပေါင်း ၂၇၈ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၇ မှု (အလေးချိန် ၁၇၁ ဒသမ ၅၇၇၇ကီလို)၊ ဘိန်းဖြူ ၈၂ မှု (အလေးချိန် ၁ ဒသမ ၀၇၄၄ ကီလို)၊ ဘိန်းဆီခဲ ၅ မှု(အလေးချိန် ၀ ဒသမ ၅၈၈၆ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၁ မှု(အလေးချိန် ၄ ဒသမ ၃၁၈၂ ကီလို)၊ ဆေးခြောက် ၁၀ မှု (အလေးချိန် ၄ ဒသမ ၀၁၅ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀ မှု (၁၈၆၁၇၈ ပြား)၊ ဘိန်းစာမှုန့် ၁၂ မှု(အလေးချိန် ၃၂ ဒသမ ၂၈၃၉ ကီလို)၊ ဘိန်းရည် ၁ မှု (၀ ဒသမ ၀၃ လစ်တာ)၊ အိုက်စ် (၀ ဒသမ ၀၀၂၂ ကီလို)၊ စိတ်ကြွအကြေ(၂)မှု (၀ ဒသမ ၀၁၈၅ ကီလို)၊ စိတ်ကြွအရည် ၁ မှု (၉ လစ်တာ)၊ ဘိန်းညိုမှုန့် ၁ မှု (၅ ကီလို)၊ ကဖင်း ၁ မှု (၁၀ကီလို)၊ ဒိုင်ယာဇီပင်ဆေးပြား ၁ မှု (၈၆၀ ပြား)၊ ဓာတုဆေးမှုန့် (၀ ဒသမ ၅၇၅ ကီလို)၊ ဓာတုဆေးရည် (၀ ဒသမ ၆၅၅ ကီလို)၊ မှတ်ပုံတင်ပျက် ၃ မှု ၊ အခြားအမှု ၂ မှု ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

အမှုပေါင်း ၂၇၈ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ(ကျား) ၂၉၄ ဦး၊ (မ) ၆၉ ဦး စုစုပေါင်း တရားခံ ၃၆၃ ဦးတို့အား ဥပဒေအရအရေးယူခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှိုင်သာယာတွင် ထမင်းအိုးတည်ရာမှ မီးလောင်မှုဖြစ်ပွား၊ တစ်ဦးသေဆုံး

ရန်ကုန် မေ ၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းတွင် မေ ၅ ရက် နံနက် ၇ နာရီ မိနစ် ၄၀ ခန့်က မီးလောင်ကျွမ်းမှုတစ်ခုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်သာယာမြို့နယ် ၁၉ ရပ်ကွက် တောင်ငူလမ်း အမှတ်-၇၈၇ က/ခ နေ ဦးချစ်တီး၏ ပေ ၂၀ × ပေ ၆၀ အကျယ်ရှိ သွပ်မိုးပျဉ်ထောင် ပျဉ်ခင်း အိမ်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး လျှပ်စစ်မီးဖိုဖြင့် ထမင်းအိုးတည်ရာမှ ဝါယာကြိုး အပူလွန်ကဲ၍ အနီးရှိ အဝတ်စများသို့ ကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက အတည်ပြုထားသည်။

ထိုမီးလောင်မှုကို သတင်းပေးပို့ချက်အရ နံနက် ၇ နာရီ မိနစ် ၅၀ ခန့်တွင် သတင်းရရှိချိန်မှ လှိုင်သာယာမီးသတ်ယာဉ် သုံးစီး၊ အင်းစိန်မှ နှစ်စီး၊ ရွှေပြည်သာမှ တစ်စီး၊ လှိုင်မှ တစ်စီး ဘုရင့်နောင်မှ တစ်စီး၊ မရမ်းကုန်းမှ တစ်စီး၊ ကြည့်မြင်တိုင်မှ တစ်စီး၊ ဌာနချုပ်မှ နှစ်စီးတို့အပါအဝင် မီးသတ်ယာဉ် စုစုပေါင်း ၁၂ စီး၊ အထောက်အကူပြုယာဉ်နှစ်စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၇၅ ဦး၊ အရန်တပ်ဖွဲ့ဝင် ၆၃ ဦး တို့ဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၂၃ မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် မောင်ဝေဖြိုးလင်း(၁၁)နှစ်(ဘ-ဦးစိုးကြည်)မှာ မီးလောင်သေဆုံး၍ ပေ ၂၀ × ပေ ၆၀ သွပ်မိုးပျဉ်ထောင်ပျဉ်ခင်း လိုင်းခန်းတွဲနှစ်လုံး မီးလောင်ခံရပြီး ဆုံးရှုံးမှုမှာ ငွေကျပ် ၁၂ သိန်းဝန်းကျင်ဖြစ်ကြောင်း အတည်ပြုထားသည်။ မီးလောင်မှုတွင် ဦးချစ်တီးအား သက်ဆိုင်ရာမှ (ပ)၄၉၃/၂၀၁၂ ပုဒ်မ ၂၈၅/၃၀၄ (က) ဖြင့် အမှုဖွင့်ထားပြီး အိမ်ထောင်စု ရှစ်စုမှ မီးဘေးဒုက္ခသည် ၂၃ ဦးအား အမှတ် ၃၂ အခြေခံပညာမူလတန်းကျောင်း၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ကာ ကူညီစောင့်ရှောက်ထားကြောင်း သိရသည်။ (၆၈၀)

ထိုင်းခြေစမ်းခရီးစဉ်မှ ရတနာပုံအသင်း ပြန်လည်ရောက်ရှိ

သတင်းနှင့် ဓာတ်ပုံ - စိုးညွန့်

ရန်ကုန် မေ ၆

၂၀၁၂ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့တွင် ရလဒ်ကောင်းများ ရယူပြီး ချန်ပီယံဆုရရှိရန် ပစ်မှတ်ထားနေသည့် ရတနာပုံအသင်းသည် ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲများ သွားရောက်ကစားခဲ့ပြီး မေ ၅ ရက် ညနေပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ရတနာပုံအသင်းသည် MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ မစတင်မီ အကြိုပြင်ဆင်မှုအနေဖြင့် သွားရောက်ခြင်းဖြစ်ပြီး ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ကာ နိုင်ငံခြားသားကစားသမားသစ်များ၏ ခြေစွမ်းကို စမ်းသပ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ကစားသမားများ နိုင်ငံတကာအတွေ့အကြုံကောင်းများ ရရှိစေရန်အတွက် ထိုင်းကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ပြီး နောက်ဆုံးခြေစမ်းပွဲအဖြစ် ကရာဘီ F.C နှင့် ကစားခဲ့ရာ သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ ၅၂ စက္ကန့်တွင် ရဲကိုဦး၊ ၃၃ မိနစ်တွင် ရန်ပိုင်တို့ သွင်းယူသော ဂိုးများဖြင့် ပထမပိုင်းအပြီးတွင် ရတနာပုံတို့ နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် သုံးဂိုး ပြန်ပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် ရတနာပုံအသင်းအုပ်ချုပ်သူ ဦးအောင်ထွန်းဦးနှင့် ကရာဘီ F.C တာဝန်ရှိသူများ အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ရတနာပုံ F.C နှင့် ကရာဘီ F.C တို့ ယှဉ်ပြိုင်နေစဉ်။

ခြေလျင်နှင့် တောင်တက်အသင်းဝင်များ တောင်ငါးလုံး ဆက်တိုက်လေ့ကျင့်တက်ရောက်ခဲ့

ရန်ကုန် မေ ၆

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက် အသင်းဥက္ကဋ္ဌ ဆရာဦးမျိုးသန့် (အမှုဆောင်၊ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်) ဦးဆောင်၍ အဖွဲ့ဝင် ၂၇ ဦးပါဝင်သော နွေရာသီ လက်ရွေးစင် တောင်တက်အဖွဲ့သည် ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်ခရိုင်အတွင်းရှိ တောင်များကို လေ့ကျင့်တက်ရောက်ကြရာ ဧပြီ ၁၃ ရက်တွင် မတူပီမြို့နယ်အတွင်းရှိ လုံတိန်းတောင်ထိပ် (၈၈၆၂ ပေ)သို့ လည်းကောင်း၊ ၁၅ ရက်တွင် ဘုံတလာ ရေတံခွန်တောင် ခုနစ်ဆင့်ထိပ်သို့ လည်းကောင်း၊ ၁၇ ရက်တွင် မင်းတပ်မြို့နယ်အတွင်းရှိ ချင်းပြည်နယ်၏ ဒုတိယအမြင့်ဆုံး မောပိတောင်ထိပ် (ပေ ၉၀၂၀)သို့လည်းကောင်း၊ ၂၁ ရက်တွင် ချင်းပြည်နယ်၏ ပထမအမြင့်ဆုံးတောင်ထိပ် ဝိတိုရိယ(ခေါ်) ခေါ်နူးစုမ် (ပေ ၁၀၈၀၀)သို့လည်းကောင်း၊ ၂၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်မကြီးထိပ် (၄၉၈၁ ပေ)သို့ လည်းကောင်း အောင်မြင်စွာ တက်ရောက်၍ နိုင်ငံတော်အလံနှင့် တောင်တက်အဖွဲ့အလံတို့ကို လွှင့်ထူနိုင်ခဲ့ကြသည်။

တောင်တက်အဖွဲ့သည် ရောက်ရှိရာ ဒေသခံတိုင်းရင်းသား၊ ကျေးရွာများရှိ ပရဟိတကျောင်းများ၊ စာသင်ကျောင်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေ၊ စာအုပ်စာတမ်း၊ အဝတ်အထည်နှင့် ဆေးဝါးများ လှူဒါန်းခဲ့ကြပြီး ဆေးအဖွဲ့ဝင်များက တိုင်းရင်းသားမိဘပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

တောင်တက်ခရီးစဉ် အောင်မြင်ရေးအတွက် မင်းတပ်ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ တာဝန်ရှိသူများ၊ ချင်းတိုင်းရင်းသား မတူမျိုးနွယ်စု၊ အွမ်ထန် မျိုးနွယ်စု၊ ချိုးမျိုးနွယ်စု ကျေးရွာများမှ မိဘပြည်သူများက လိုအပ်သည်များ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြကြောင်း သိရသည်။

(ဦးမျိုးသန့်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (အလေးမပြိုင်ပွဲ)၌ အောင်မြင်မှုရရှိစေရေးအတွက် လစဉ် အလေးမစံချိန်စမ်းပြိုင်ပွဲတွင် စံချိန်စံညွှန်းကောင်းသော အလေးမအားကစားသမားအား အထူးဂုဏ်ပြုဆုကြေး ပေးအပ်စဉ်။ (အလေးမအဖွဲ့ချုပ်)

အလေးမပြိုင်ပွဲ၌ အောင်မြင်မှုရရှိစေရေးအတွက် ကြိုးစားမှုရှိပြီး အလားအလာရှိသူများအား အထူးဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (အလေးမပြိုင်ပွဲ)၌ အောင်မြင်မှုရရှိစေရေးအတွက် လစဉ် အလေးမစံချိန်စမ်းပြိုင်ပွဲများတွင် စိတ်အားထက်သန်စွာဖြင့် အားကြိုးမာန်တက် ပါဝင်ယှဉ်ပြိုင်သူများ၊ စံချိန်စံညွှန်းကောင်းသည့် စံချိန်ရှင်များအား အထူးဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို မေ ၅ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(အလေးမအားကစားသမားများ ရှာဖွေရေး/ လေ့ကျင့်ရေး/ ပြိုင်ပွဲအောင်နိုင်ရေး ဆပ်ကော်မတီ) ဦးကျော်အောင်စိုးက လစဉ် အလေးမ လက်ရည်စမ်းပြိုင်ပွဲများတွင် စိတ်အားထက်သန်စွာဖြင့် အားကြိုးမာန်တက် ပါဝင်ယှဉ်ပြိုင်သူများ၊ စံချိန်စံညွှန်းကောင်းသော စံချိန်ရှင်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ချစ် (စီမံရေးရာနှင့် နိုင်ငံတကာဆက်ဆံရေး ဆပ်ကော်မတီ)က ဖြည့်စွက်၍ ရှင်းလင်းအကြံပြု ဆွေးနွေးတင်ပြသည်။

ထို့နောက် ဧပြီလ လစဉ်အလေးမစံချိန်စမ်းပြိုင်ပွဲ၌ စံချိန်စံညွှန်းကောင်းသော အလေးမအားကစားသမားများအား အထူးဂုဏ်ပြုဆုကြေးများကို မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်ချစ်နှင့် ဦးကျော်အောင်စိုးတို့က ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(ကြေးမုံ)

၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနားကို မေ ၁ ရက် နံနက်ပိုင်းက မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော အလုပ်သမားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင် ဖတ်ကြားစဉ်။ (၃၆၄)

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၇) အနိုင်/အရှုံးရလဒ်

၆ - ၄ - ၂၀၁၂

နယူးကာဆယ်	၀	-	၂	မန်စီးတီး
ဗီလာ	၁	-	၁	စပါး
ဘော်လ်တန်	၂	-	၂	ဝက်စ်ဘရွန်း
ဖူလ်ဟမ်	၂	-	၁	ဆန်းဒါးလန်း
ကျူပီအာ	၁	-	၀	စတုတ်စီးတီး
ဝုလ်ဗာဟမ်တန်	၀	-	၀	အဲဗာတန်
မန်ယူ	၂	-	၀	ဆွမ်ဆီး

ဖေဖော်ဝါရီ ၁၁ ရက်က မူဆယ်မြို့နေ ဦးခင်ဇော်၊ ဦးကျော်ကျော်လင်း၊ ဦးသက်နိုင်ဦး၊ ဦးအောင်သူ သူငယ်ချင်းတစ်စု စုပေါင်း၍ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် တောင်ကန်အုပ်စု အောင်ချမ်းသာကျေးရွာမှ ဗေဒါလမ်း ပရဟိတလူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်တစ်စီး၏ စာရွက်စာတမ်းများကို အသင်းနာယက ဦးဝင်းမြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

❖ အာရှကျောင်းသားများမှ

ကျောင်းတွင် အချိန်ကြာမြင့်စွာ သင်ကြားကြရသည့်အပြင် အိမ်စာများကိုလည်း လုပ်ကြရသည်။ ဤအခြေအနေမှာ မျက်စိကို ဖိအားဖြစ်စေသည်။ သို့ရာတွင် နှစ်နာရီမှ သုံးနာရီအကြား ပြင်ပအလင်းရောင်နှင့် ထိတွေ့နိုင်သည့်အတွက် ဖိအားကို လျော့ပါးစေကာ မျက်စိကျန်းမာရေးကိုလည်း အထောက်အကူဖြစ်စေကြောင်း ပါမောက္ခ ဒေါက်တာမော်ဂန်က ပြောကြားသည်။

ဤဖြစ်ရပ်တွင် မျက်လုံးအတွင်းရှိ dopamine ဟုခေါ်သော ဓာတုပစ္စည်းတစ်မျိုးက အခရာကျမည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ကြသည်။ ပြင်ပအလင်းရောင်သည် မျက်လုံးအတွင်းရှိ dopamine အရေအတွက်ကို မြင့်တက်စေကာ မျက်လုံးရှည်ထွက်ခြင်း (elongation of the eyeball)ကို ကာကွယ်ပေးနိုင်သည်ဟု ယူဆထားကြသည်။

ထိတွေ့ရန်လို

တစ်နေ့လျှင် ပြင်ပအလင်းရောင်နှင့် နှစ်နာရီမှ သုံးနာရီကြာအောင် ထိတွေ့နိုင်ရန် လိုအပ်ကြောင်း၊ ဤသည်မှာ နေရောင်အောက်တွင် အပူခံရမည်ဟု ဆိုလိုခြင်း မဟုတ်ကြောင်းဖြင့်လည်း သိပ္ပံပညာရှင်များက အကြံပေးထားသည်။

❋ အမေရိကတွင်မှ

Helpless ဇာတ်ကားသည် ဂျပန်နာမည်ကျော် ဝတ္ထုစာရေးဆရာ မီယာဘီမိုင်ယူကီ၏ All She Was Worth အမည်ရှိ လျှို့ဝှက်သည်းဖိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးတင်ပြထားခြင်းဖြစ်သည်။

ယင်းဇာတ်ကား၏ အဓိကအကြောင်းအရာမှာ မင်္ဂလာလက်ထပ်ပွဲ ကျင်းပရန် ရက်ပိုင်းအလိုတွင် သတို့သမီးဖြစ်သူ ရုတ်တရက် ချက်ချင်းပျောက်သွားပုံကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဖန်တီးတင်ပြထားခြင်းဖြစ်သည်။

ဤဇာတ်ကားကို ကိုရီးယားနိုင်ငံ၌ ဖြန့်ချိပြသရာတွင်လည်း လူကြိုက်များ ရေပန်းစားခဲ့ပြီး နံပါတ် ၁ နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ယင်းဇာတ်ကားကို အကောင်းဆုံးဖြစ်အောင် ထုဆစ်ပုံဖော်ခဲ့သည့် ဒါရိုက်တာ ဘီဟွန်ယောင်ဂျီးသည်လည်း လွန်ခဲ့သည့်လက ကျင်းပခဲ့သည့် (၄၈)ကြိမ်မြောက် ပီခ်ဆန်ရုပ်ရှင်ဆုပေးပွဲတွင် အကောင်းဆုံး ဒါရိုက်တာဆုကို ဆွတ်ခူးရရှိခဲ့သည်။

အင်တာနက်။

◆ အဆိုတော်မှ

၎င်း၏ဇာတ်ဝင်ခန်းများကို ယခုသီတင်းပတ်အကုန်တွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း၊ ဟီရိုဂါယွန်းက သူပါဝင်သရုပ်ဆောင်မည့် အခန်းကဏ္ဍနှင့် ယခုကဲ့သို့ သရုပ်ဆောင်ခွင့်ရရှိခြင်းအပေါ် ကျေနပ် သဘောကျလျက်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

Light and Shadow ဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်များအဖြစ် အန်ဂျေဝုခ်၊ နမ်ဆန်းမီနှင့် ဆန်ဒမ်ဘီတို့ ပါဝင်ပြီး ယင်းဇာတ်လမ်းတွဲတွင် လွန်ခဲ့သည့် ဆယ်စုနှစ်လေးခုအတွင်း ကိုရီးယားနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့် သမိုင်းဝင် အဖြစ်အပျက်များကိုလည်း သရုပ်ဖော်တင်ပြသွားမည်ဟု ဆိုသည်။

ဟီရိုဂါယွန်းသည် မကြာသေးမီက သူ၏ 4minute တေးဂီတအဖွဲ့နှင့်အတူ ၎င်းတို့အဖွဲ့၏ တတိယမြောက် mini-album "Volume Up" ထွက်ရှိခဲ့ပြီး ယင်းတေးအယ်လ်ဘမ် အရောင်းမြှင့်တင်ရေးအတွက် အလုပ်များလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အင်တာနက်။

ပြည်သူ့ထံမှ ပေးစာများ

ရေနုတ်မြောင်းပိတ်ဆို့နေမှု ဖော်ထုတ်ရှင်းလင်းပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၄/၁)ရပ်ကွက် မြင်သာ(၉)လမ်းနှင့် မြိုင်တန်းသာလမ်းသွယ်ထောင့်ရှိ မြင်သာ(၁၀)လမ်းဘက်သို့ စီးဆင်းသော ကွန်ကရစ်ရေနုတ်ပိုက်လိုင်းမှာ နှစ်ပေါင်းကြာမြင့်ပြီး အမှိုက်များ၊ နုန်းများဖြင့် တူးဖော်၍ မရနိုင်အောင် ပိတ်ဆို့နေခြင်းကြောင့် ကြွက်၊ ခြင်၊ ယင်များ ပေါက်ပွားလျက်ရှိရာ ပတ်ဝန်းကျင်နေအိမ်များမှာ အနံ့အသက်ဆိုးများခံရခြင်း၊ မိုးတွင်းအခါ၌ နေအိမ်ထဲသို့ ရေပုပ်များ ဝင်ရောက်နေခြင်းကြောင့် ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

၃၄ လမ်း(အောက်လမ်း) အသုံးဝင်စေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်အတွင်း ကုန်သည်လမ်းနှင့် ဘဏ်လမ်းကြားတွင်ရှိသည့် (၃၄)လမ်း (အောက်လမ်း)သည် ကားများ ဝင်ထွက်သွားလာ၍ မရခဲ့သည်မှာ နှစ်ကာလအတော်ကြာခဲ့ပြီဖြစ်ပါသည်။ ယခင်က သွားလာဝင်ထွက်၍ ရသောလမ်းဖြစ်ပြီး လမ်းအတွင်းသားမှာလည်း ကောင်းမွန်စွာ ခင်းကျင်းထားပြီးသည့် လမ်းဖြစ်ပါသည်။ ယခုအခါ ယင်းလမ်းပေါ်နှင့် လမ်းအဝင်အထွက်များတွင် ဈေးဆိုင်များ၊ ယာယီနေထိုင်သူများက အခိုင်အမာနေရာယူပြီး ဆိုင်ဆောက်ဖွင့်လှစ်ပြီး အခြေချနေထိုင်နေကြသဖြင့် လမ်းကိုအသုံးပြု၍ မရခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းခြင်းနှင့် လူမှုရေးပြဿနာများ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်နေပါသည်။ ထို့ပြင် ရုံးဖွင့်ရက်များတွင် ကုန်သည်လမ်းဘက်သို့ ထွက်လိုလျှင်(၃၄) လမ်း(အောက်လမ်း)မှာ အသုံးပြု၍မရဘဲ ဘဏ်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းတို့မှတစ်ဆင့် ကမ်းနားလမ်းနှင့် ပန်းဆိုးတန်းလမ်းမပေါ်သို့ ပြန်၍ပတ်ထွက်နေရသောကြောင့် လမ်းအတွင်းယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏ ဖြစ်ပေါ်နေတတ်ပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ၊ ရုံးများ၊ ဝန်ထမ်းများနှင့်ကားများ အဝင်အထွက် အဆင်မပြေဖြစ်နေပါသဖြင့် (၃၄)လမ်း(အောက်လမ်း)ကို အသုံးပြုခွင့်ရအောင် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(၃၄)လမ်း(အောက်)လမ်းကို အသုံးပြုချင်သူများ

ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သာကေတမြို့နယ် (၁)ရပ်ကွက် ထူပါရုံ (၄)လမ်း (အနောက်) ရှိ အိမ်တစ်အိမ်တွင် ဝက်များ စီးပွားဖြစ်မွေးမြူလျက်ရှိရာ ၎င်းဝက်တဲမှ အနံ့ဆိုးများ နံစော်နေသည့်အပြင် အချို့အိမ်များသည် မိလ္လာကျင်း မရှိဘဲ အညစ်အကြေးများ စွန့်နေသောကြောင့် လမ်းတွင်းနေထိုင်သူများ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဥက္ကာ (၂) လမ်း (၁၀၇)ရပ်ကွက် အပိုင်း(၁) ရှိ နေအိမ်တစ်အိမ်တွင် ဝက်များ မွေးမြူလျက်ရှိရာ ပတ်ဝန်းကျင်တွင် အနံ့ဆိုးများဖြစ်စေပြီး ကျန်းမာရေးကို ထိခိုက်နိုင်ပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဥက္ကာ (၂)လမ်းသားများ**

အမှိုက်ပုံကြီးရှင်းစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်းရထားဘူတာရုံ၌ လူသွားလမ်းကို ခြံခတ်ထားသော အမှိုက်ပုံကြီး ရှိနေပါသည်။ ယင်းအမှိုက်ပုံကြီးတွင် ယင်ကောင်များစွာ ရှိနေပြီး ပတ်ဝန်းကျင်နေသူများ၊ မီးရထားခရီးသွားများသည် အနံ့ဆိုးများ ရှူရှိုက်နေကြရပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသွားများ**

ယနေ့ သတင်းအညွှန်း

ကျပ် နှစ်သိန်းတန်ဖုန်းများ ချထားပေးမှုနှင့်အတူ လက်ကိုင်ဖုန်းများနှင့် ငွေဖြည့်ကတ်များ ပစ္စည်းပြတ်သည်အထိ ရောင်းအားကောင်း

ပြည်တွင်းသတင်း စာမျက်နှာ ➢၆

- - - - -

ဂျပန်နိုင်ငံ တိုကျို မြို့တော် မြောက်ဘက်ရှိ မြို့တစ်မြို့၌ လေဆင်နှာမောင်းတိုက် တစ်ဦးသေပြီး ၃၀ ကျော် ဒဏ်ရာရ

နိုင်ငံတကာသတင်း စာမျက်နှာ ➢၄

- - - - -

အိန္ဒိယနက္ခတ်ပွဲသဘင် အတွင်း ဆင်မုန်ယိုမှုကြောင့် လူ ၆၂ ဦး ဒဏ်ရာရ

နိုင်ငံတကာသတင်း စာမျက်နှာ ➢ ၅

- - - - -

အင်္ဂါဂြိုဟ်ခရီးစဉ်အတွက် နည်းပညာဆိုင်ရာ အကြို စမ်းသပ်မှုများ အဲလ်ပိုင်း တောင်တန်းဒေသ ရေခဲ လိုဏ်ဂူများအတွင်း ပြုလုပ်ခဲ့

နိုင်ငံတကာသတင်း စာမျက်နှာ ➢ ၅

အာရှအရှေ့ပိုင်းဒေသတွင် အရွယ်ရောက်သူ လူငယ်များအတွင်း အဝေးမှုန်မှု ထူးထူးခြားခြားမြင့်တက်လျက်ရှိသည်။

အာရှကျောင်းသားများ မျက်စိအဝေးမှုန်သူ များပြားနေ၍ ကျန်းမာရေးပြဿနာဖြစ်လာ

အင်တာနက် ကျန်းမာရေး

ဘာသာပြန် - ဇင်ထူး

အာရှဒေသ၏ အဓိကမြို့ကြီးများတွင် နေထိုင်ကြသော ကျောင်းသားကျောင်းသူများ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ အဝေးမှုန်မျက်စိဝေဒနာ ခံစားနေကြရကြောင်း သုတေသနတစ်ရပ်က တွေ့ရှိခဲ့သည်။

ယင်းပြဿနာ ထူးထူးခြားခြားကြီးထွားလာရခြင်း၏ အဓိကကြောင်းတရားမှာ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းတွင် စာကို အလွန်အမင်း အာရုံစိုက် ကြိုးစားအားထုတ်ရခြင်းနှင့် ပြင်ပအလင်းရောင်နှင့် ထိတွေ့ခွင့်မရခြင်းတို့ကြောင့် ဖြစ်သည်ဟု သုတေသီများကပြောကြားကြသည်။

အဆိုပါကျောင်းသားများအနက် ငါးပုံတစ်ပုံမှာလည်း အမြင်အာရုံထိခိုက်မှု ဆိုးဆိုးရွားရွား ခံစားရခြင်းနှင့် လုံးဝမမြင်ရသည်အထိပင် တွေ့ကြုံခဲ့ဖူးသူများဖြစ်ကြောင်းဖြင့်လည်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ယူနိုက်တက်ကင်းဒမ်းတွင် အဝေးမှုန်သူမှာ ပျမ်းမျှအားဖြင့် ၂၀နှင့် ၃၀ ရာခိုင်နှုန်းရှိသည်။

အဆိုပါသုတေသနလုပ်ငန်းကို ဦးဆောင်သူ ဩစတြေးလျ အမျိုးသားတက္ကသိုလ် ပါမောက္ခ အိုင်ယန်မော်ဂန်က အရှေ့တောင်အာရှဒေသ နေထိုင်သူများသည်လည်း ယခင်က ၂၀ မှ ၃၀ ရာခိုင်နှုန်း အဝေးမှုန်ခဲ့ကြောင်း၊ လေ့လာတွေ့ရှိမှု အထောက်အထားများအရ အာရှအရှေ့ပိုင်းဒေသ ပြည်သူများ၏ နောက်ဆုံးမျိုးဆက်နှစ်ဆက်တွင် အဝေးမှုန်မှု ထူးထူးခြားခြား မြင့်တက်လာကြောင်း၊ အရွယ်ရောက်သူ လူငယ်များတွင် အဝေးမှုန်သူဦးရေမှာ ၈၀ ရာခိုင်နှုန်း ထက်ကျော်လွန်လာပြီး ၉၀ ရာခိုင်နှုန်းနီးနီး ဖြစ်လာခဲ့ရာ ကျန်းမာရေးဆိုင်ရာ အဓိကပြဿနာတစ်ရပ် အသေအချာ ဖြစ်လာနေပြီဖြစ်ကြောင်းပြောကြားခဲ့သည်။

မျက်စိကျွမ်းကျင်သူများ၏ အဆိုအရ အဝေးမှုန်စွဲကပ်လာပြီဆိုလျှင် နှစ်မီတာ (၆ ဒသမ ၆ ပေ) ထက်ပိုဝေးသောအရာများကို ပြတ်သားစွာ မမြင်နိုင်တော့ကြောင်း၊ ဤဖြစ်ရပ်မှာ ငယ်ရွယ်စဉ်ကာလအတွင်း မျက်လုံးရှည်ထွက်ခြင်းကြောင့်လည်း ဖြစ်တတ်ကြောင်း သိရသည်။

သုတေသနရလဒ်များအရ ယင်းပြဿနာမှာ အခြေခံအကြောင်းတရား နှစ်ရပ်ဖြစ်သည့် ပညာသင်ကြားမှုတွင်စူးစိုက်ရခြင်းနှင့် ပြင်ပအလင်းရောင် ထိတွေ့ခွင့်မရခြင်းတို့ ပေါင်းစပ်ပါဝင်နေကြောင်းတွေ့ရသည်။

အရှေ့တောင်အာရှဒေသရှိ ကလေးငယ် အများအပြားမှာ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

နိုင်ငံတကာအနုပညာ

အောဝမ်းစိုး

အမေရိကတွင် လူကြိုက်များသွားသည့် ကိုရီးယားဇာတ်ကား Helpless

ကိုရီးယားရုပ်ရှင်ကား Helpless သည် လွန်ခဲ့သည့် မတ်လအတွင်းက အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် အကန့်အသတ်ဖြင့် ဖြန့်ချိပြသခဲ့ရာ မျှော်လင့်မထားဘဲ အောင်မြင်မှုများရရှိပြီး လူကြိုက်များခဲ့ရာ လာမည့်သီတင်းပတ်အတွင်း မြောက်အမေရိကတစ်ဝန်းကို ဆက်လက်ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

ဤဇာတ်ကားအရောင်းမြှင့်တင်ရေးကုမ္ပဏီ CJ က မင်းသား လီဆန်ကွင်းနှင့် မင်းသမီး ကင်မ်မင်ဟီးတို့ ခေါင်းဆောင်လှုပ်ရှားထားသည့် Helpless ဇာတ်ကားသည် မေ ၁၁ ရက်မှစ၍ နယူးဂျာစီ၊ နယူးယောက်၊ ချီကာဂို၊ ဆီယက်တဲလ်မြို့များနှင့် ကနေဒါနိုင်ငံရှိ ရုပ်ရှင်ရုံများတွင် ဖြန့်ချိပြသသွားမည်ဟု တရားဝင်ထုတ်ပြန်ကြေညာသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✳

Helpless ဇာတ်ကားတွင် ပါဝင်ခဲ့သည့် အဓိက သရုပ်ဆောင်များ။

အဆိုတော်အဖြစ်သရုပ်ဆောင်မည့် အဆိုတော်ဟီရိုဂါယွန်း

ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ 4minute ၏ခေါင်းဆောင် အဆိုတော် ဟီရိုဂါယွန်းသည် အမ်ဘီစီရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် Light and Shadow ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည်ဟု သိရသည်။

ဟီရိုဂါယွန်း၏ အနုပညာရေးရာအေဂျင်စီ Cube မှ တာဝန်ရှိသူတစ်ဦးက အဆိုတော်ဟီရိုဂါယွန်းသည် Light and Shadow ရုပ်သံဇာတ်လမ်းတွဲ၌ Purple Sisters အမည်ရှိ နာမည်ကျော်အမျိုးသမီးတေးဂီတအဖွဲ့၏ ခေါင်းဆောင်အဆိုတော် ဟွန်ကျောင်းအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ **စာမျက်နှာ ၁၀ ကော်လံ ၂ သို့** ◆



ခေါင်းဆောင် အဆိုတော် ဟွန်ကျောင်း အဖြစ် သရုပ်ဆောင် မည့် ဟီရိုဂါ ယွန်း။

နိုင်ငံတကာအားကစား

နိုင်လင်းကြည်

ဒမ်ဆေးအား ခေါ်ယူလိုကြောင်း ကင်နီဒဲလ်ဂလစ်ရှ် ထုတ်ဖော်ပြောကြား

လန်ဒန် မေ ၆

လီဗာပူးအသင်း မန်နေဂျာ ကင်နီဒဲလ်ဂလစ်ရှ်သည် ဒတ်ချ် တိုက်စစ်မှူးဒွိုက်မှာ အမေရိကန်နိုင်ငံအသင်းသို့ သွားရောက်ကစားမည်ဖြစ်ရာ ဖူလ်ဟမ်အသင်းမှ ရောင်းချမည့်တိုက်စစ်မှူး ဒမ်ဆေးအား ခေါ်ယူစာချုပ်နိုင်ရေး ကြိုးပမ်းသွားမည်ဟုဆိုသည်။

တိုက်စစ်မှူး ဒမ်ဆေး**(အောက်ပုံ)**သည် အတွေ့အကြုံရင့်ကျက်သည့် ကစားသမားတစ်ဦးဖြစ်ရာ နည်းပြ မာတင်ဂျိုးလ်၏ ဖူလ်ဟမ်အသင်း၌သာ ဆက်လက်ရှိနေဖွယ် ရှိသည်။ အသက် (၂၉)နှစ်အရွယ်ရှိ ဒမ်ဆေးသည် ပြိုင်ပွဲအားလုံးတွင် ၂၂ ဂိုးသွင်းပေးနိုင်ခဲ့ပြီး လက်ရှိကလပ်နှင့် နားလည်မှုစာချုပ်အား လက်မှတ်ရေးထိုးထားကြောင်းလည်း သတင်းများက ဆိုသည်။

ဒမ်ဆေးသည် ဖူလ်ဟမ်အသင်း၌ ငါးနှစ်ကြာကစားခဲ့ပြီး လက်ရှိစာချုပ်မှာလည်း သက်တမ်းတစ်နှစ်ကျန်ရှိနေခြင်းကြောင့် စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမည်မဟုတ်ကြောင်း မာတင်ဂျိုးလ်က ဆိုသည်။

ပရီမီယာလိဂ်ကလပ်အသင်းအများစုက တိုက်စစ်မှူး ဒမ်ဆေးအား စိတ်ဝင်စားလျက်ရှိရာ လီဗာပူးအသင်းမှ နည်းပြကင်နီဒဲလ်ဂလစ်ရှ်သည်လည်း ဒမ်ဆေးအား စိတ်ဝင်စားနေသည့် ပရီမီယာလိဂ်အသင်း မန်နေဂျာများထဲတွင် ထိပ်ဆုံးမှရပ်တည်နေသည်။

ဖူလ်ဟမ်အသင်း မန်နေဂျာသည် တိုက်စစ်မှူး ဒမ်ဆေးအား ရောင်းထုတ်ခဲ့ပါက အသင်း၏ အင်အားလျော့ကျသွားမည်ကို စိုးရိမ်လျက်ရှိနေသည်။ သို့သော် ကင်နီဒဲလ်ဂလစ်ရှ်ကမူ ဒမ်ဆေးအား လီဗာပူးအသင်းသို့ အမြန်ရောက်ရှိလာရေး ချဉ်းကပ်မှုများ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒဲလ်ဂလစ်ရှ်ကထုတ်ဖော်ပြောကြားခဲ့သည်။

အင်တာနက်။

ထူးခြားသည့် နေ့အပူချိန် ၆-၅-၂၀၁၂		
ချောက်	၄၄	ဒီဂရီစင်တီဂရိတ်
မုံရွာ	၄၂	ဒီဂရီစင်တီဂရိတ်
မြင်းခြံ	၄၁	ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန် ၆-၅-၂၀၁၂				
လောင်းလုံ	၄ ဒသမ	၆၁	လက်မ
ထားဝယ်	၃ ဒသမ	၉၀	လက်မ
ကျိုက္ခမီ	၃ ဒသမ	၃၁	လက်မ